မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၁၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မန္တလေးမြို့ ရှေးဟောင်းနယ်မြေသို့ လာရောက်လေ့လာသူများ ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်အောင် ဆန်းသစ်စွာပြင်ဆင်ပြသ ရာသီဉတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ရှေးဟောင်းလက်ရာများမပျက်စီးအောင် ကြိုတင်ကာကွယ်

ခေတ်မီဓာတုဗေဒဆေးပစ္စည်းများဖြင့် ထိန်းသိမ်းရမည့် ရှေးဟောင်းလက်ရာများအား စနစ်တကျထိန်းသိမ်း

နေပြည်တော် မေ ၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မေ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသန်းစိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်နှင့် ယဉ်ကျေးမှုပြတိုက်၊ မင်္ဂလာတံခါးနှင့် လေးသိန်းတံခါးကြားရှိ နန်းမြို့ရိုးနှင့် ပြာသာဒ်ဆောင်များ၊ သုဓမ္မာဇရပ် ၁၉ ဆောင်၊ ရွှေနန်းတော်ကျောင်းနှင့် မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးတို့၏ ရှေးဟောင်းအနုပညာလက်ရာများ ထိန်းသိမ်းထားရှိမှု အခြေအနေများ၊ ပြည်တွင်း ပြည်ပ ဧည့်သည်များ လာရောက်လေ့လာမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြုပြင်မွမ်းမံ

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မန္တလေး ရှေးဟောင်းနယ်မြေသို့ လာရောက်လေ့လာသူများအတွက် ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းပြသမှုအပိုင်းတွင် ရှင်းလင်းချက်များဖြင့် ပူးတွဲဖော်ပြရေး၊ အခင်းအကျင်းအစီအစဉ်ကို စနစ်တကျနှင့် ဆန်းသစ်စွာပြင်ဆင်ပြသရေး၊ ရာသီဥတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ရှေးဟောင်းလက်ရာများ မပျက်စီးအောင် ကြိုတင်ကာကွယ်ထိန်းသိမ်းရေး၊ အင်ဂျင်နီယာပညာရပ်ဖြင့် ထိန်းသိမ်းခြင်းအပြင် ခေတ်မီဓာတုဗေဒဆေးပစ္စည်းများဖြင့်ထိန်းသိမ်းရမည့် ရှေးဟောင်းလက်ရာများအား စနစ်တကျ

စာမျက်နှာ ၆ ကော်လံ ၆ ◆

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

အသက် ၆၈ နှစ်ရှိ ဂျော့ခ်အဆိုတော်မက်ကာနေး နန်စီရှဲဗယ်လ်နှင့် စေ့စပ်ပြီ။

(စာ-၁၀)

အမေနေ့ အာကာသ၌ ကျင်းပ၊ မိခင်ဖြစ်သူ အာကာသယာဉ်မှူး သားငယ်နှင့် စကားပြောဆို။

(စာ-၄)

အီတလီ စီးရီးအေ ချန်ပီယံ အေစီမီလန်အသင်း ဖြစ်ပြီ။

(စာ-၁၁)

ပြည်ပဝင်ငွေ လျာထားချက်ကျော်လွန်အောင် ကြိုးပမ်း

လာဘ်ပေးလာဘ်ယူကင်းရှင်းစွာ စေတနာထားပြီး မှန်ကန်မြန်ဆန်စွာဆောင်ရွက်

ရန်ကုန် မေ ၈

သစ်တောထွက်ပစ္စည်းများ ပြည်ပတင်ပို့ရာတွင် ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဆောင်ရွက်သွားရန်၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ယခင်နှစ်က ပြည်ပဝင်ငွေလျာထားချက် ကျော်လွန်အောင်မြင်ခဲ့သကဲ့သို့ ယခုနှစ်တွင်လည်း အောင်မြင်အောင်ဆောင်ရွက်သွားရန်၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းစွာဖြင့် လုပ်ငန်းတာဝန်များကို စေတနာထားပြီး မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ဆောင်ရွက်ကြရန် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မေ ၇ ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်ရှိ အပြည်ပြည်ဆိုင်ရာ တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည့် သစ်လုံးလပ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း သင်္ဘောတင်ဌာနစု ကွန်တိန်နာဝင်း(ခွဲသား)၌ ပြည်ပတင်ပို့ရန် ကွန်တိန်နာတွင်းသို့ သစ်ခွဲသားနှင့်အထပ်သားများ ထည့်သွင်းနေမှု၊ ဗိုလ်တထောင်မြို့နယ် ကုန်းတွင်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆူးလေဆိပ်ကမ်း အမှတ်(၄) ဆိပ်ခံတံတား၌ ပြည်ပတင်ပို့မည့် သစ်လုံးများအား သင်္ဘောပေါ်သို့ တင်ဆောင်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် မေ ၉ ရက်)

ငါးရစ်တက်ငါးများ ဖမ်းဆီးမှုရှောင်ကြဉ် ငါးသယံဇာတတိုးပွားရေး ထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံသည် သဘာဝကဖန်တီးပေးထားသော မြေသယံဇာတ၊ ရေသယံဇာတအရင်းအမြစ်များစွာကို ပိုင်ဆိုင်သောနိုင်ငံ ဖြစ်သည်။ ယင်းသဘာဝအရင်းအမြစ်များကို အမှီပြု၍ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းလျက်ရှိသည်။

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ ဉများဖြင့်ပြည့်နေသော ငါးမကြီးများသည် ဉချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။

"ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံးမျိုးမသုဉ်း"၊ "ဉနှင့်ငါးကိုပွားစေလို ငါးရစ်ဆိုမဖမ်းနှင့်" ဟူသော ဆောင်ပုဒ်များအရ ငါးမျိုးမသုဉ်းရန်၊ ငါးစားသုံးမှုအခက်အခဲမရှိရန်၊ ငါးများတိုးပွားစေရန်အတွက် ငါးရစ်တက်ငါးများကို ဖမ်းဆီးခြင်းမှ ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက သန်းပေါင်းများစွာသော ငါးသားပေါက်များ သေကျေပျက်စီးကာ ရေရှည်ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုဘဲ ငါးမျိုးများ ပြုန်းတီးသွားစေနိုင်သည်။

ရေလုပ်ငန်းနှင့်စပ်လျဉ်း၍ သဘာဝကဖန်တီးပေးထားသည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်သာမက မွေးမြူရေးကန်များကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတော်၏ ရေထွက်ကုန်ပစ္စည်းများသည် ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံသည်သာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်လျက်ရှိသည်။

ယင်းကဲ့သို့သောအခြေအနေတွင် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ငါးသယံဇာတများ မျိုးမပြုန်းတီးရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ပညာပေးနှိုးဆော်ချက်များကို အလေးထား လိုက်နာကြရမည်ဖြစ်သည်။ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဉချသားပေါက်နိုင်ရေးအတွက် ငါးရစ်တက်ငါးများ ဖမ်းဆီးခြင်းကို ရှောင်ကြဉ်ကြရမည် ဖြစ်သည်။

ထိုသို့ ငါးရစ်တက်ငါးများဖမ်းဆီးခြင်းကို ရှောင်ကြဉ်ခြင်းဖြင့် သဘာဝကပေးသော ရေသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်ပြီး မိမိတို့၏ စားဝတ်နေရေးအတွက် နောင်လိုအပ်မည့် စားနပ်ရိက္ခာလိုအပ်ချက်ကိုလည်း ပြည့်ဝစွာ ဖြည့်ဆည်းရရှိနိုင်မည်ဖြစ်ပါကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဓာတ်အားပေးစက်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၈

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မေ ၂ ရက် မွန်းလွဲပိုင်းက ပြည်နယ်ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မီးလင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံပြီး မြို့ရွာများမီးလင်းရေး၊ ဓာတ်အားအပြည့် ပေးနိုင်ရေး၊ ဓာတ်အားပေးချိန်တိုးမြှင့်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ ဓညဝတီရပ်ကွက်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ပြည်တော်သာရပ်ကွက်ရှိ ပုဂ္ဂလိက စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်ရောသုံးလျှပ်စစ်ဓာတ်အားပေးစက်၊ ကုန်တန်ရပ်ကွက်ရှိ ရပ်ကွက်မီးလင်းရေးကော်မတီ၏ စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်ရောသုံး လျှပ်စစ်ဓာတ်အားပေးစက်နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့သစ်မြို့နယ် ပြည်သူ့ဆေးရုံကြီးရှေ့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မြို့သစ် မေ ၈

မြို့သစ်မြို့နယ် ပြည်သူ့ဆေးရုံကြီးရှေ့တွင် မေ ၇ ရက် စနေနေ့ နံနက် ၇ နာရီက မြို့သစ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းဦး၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးပြုလုပ်ကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

မြို့သစ်မြို့နယ်၏ စုပေါင်းသန့်ရှင်းရေးကို စနေနေ့တိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်းစိန်မြို့နယ် မြို့သစ်(၇)ရပ်ကွက် ယဉ်ကျေးမှုနှင့်အခြေခံအင်္ဂလိပ်စာ သင်တန်းဆင်း

ရန်ကုန် မေ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ်(၇)ရပ်ကွက် ယဉ်ကျေးမှုနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၈ နာရီခွဲက အမက (၁၄)၌ ကျင်းပသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက သင်တန်းဆင်း အမှာစကား ပြောကြားပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဟန်ညွန့်နှင့် အဖွဲ့ဝင်များ၊ သင်တန်းဖြစ်မြောက်ရေးကော်မတီဝင်များက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မေ ၅ ရက်က ချောက်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ကျင်းပသော (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်က မီးသတ်တပ်ဖွဲ့သို့ ကူညီကြသည့် စေတနာအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ စေတနာအလှူရှင်များကိုယ်စား ဒေါ်ဝင်းသန်း လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

မုဒုံမြို့ မြို့မ(၂)ရပ်ကွက် ဇီဇဝါလမ်းနေ တူ၊ တူမများဖြစ်ကြသော ဒေါ်လှကြည်၊ ဦးအောင်ချစ်သန်း၊ ဒေါ်ညွန့်ကြည် မိသားစုတို့က ဒေါ်မယ်တောအား ရည်စူး၍ ဧပြီ ၂၁ ရက်က ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို မုဒုံဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးပိုးရီထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၉-၅-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ စိုက်ပျိုးသုတ
၄:၃၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၈။ လျှပ်တစ်ပြက်
၄:၄၅ ၉။ ဗွီစီဒီကျော်ကြားတေး
၄:၅၅ ၁၀။ သတိနှင့် တိုးမည့်ပိုးဖလံများ
၅:၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၃၉)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၅။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း -၁၉)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒို့တာဝန်အရေးသုံးပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ Talk Of The Town
၂၃။ မေးမြန်းစုံစမ်း
၂၄။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပန်းနုရောင်ချစ်အိပ်မက်** (အပိုင်း -၁၈)
၂၇။ Mini Series

စာပေမြင့်မှ လူမျိုးတင့်မည်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)မှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

"ရေမြင့်မှ ကြာတင့်" ဆိုသည့်အတိုင်း ရေနှင့် သဏ္ဌာန်တူသည့် တိုင်းပြည်အဆင့်အတန်းမြင့်မှ ကြာနှင့်တူသည့် ပြည်သူများ၊ ဝန်ထမ်းများ တင့်တယ် ဝင့်ကြွားနိုင်မည်ဖြစ်၍ နိုင်ငံတော်အစိုးရက တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေသည့် ယနေ့အချိန်တွင် မိမိတို့ဝန်ထမ်းများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကာ တာဝန်ကျေပွန်ခြင်းဖြင့် ဂုဏ်ယူကြရမှာဖြစ်ကြောင်း။

ဝန်ကြီးဌာန အနေဖြင့်လည်း ဝန်ထမ်းများ လုပ်ငန်းခွင်သာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို သတ်မှတ်စည်းမျဉ်းစည်းကမ်း၊ မူဘောင်များနှင့်အညီ အားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေးဟောင်းအမွေအနှစ်လက်ရာများနှင့် အနုပညာများကို ထိန်းသိမ်းမြှင့်တင်ဆန်းသစ် အမျိုးဂုဏ်၊ ဇာတိဂုဏ်များကို မြှင့်တင်ဆန်းသစ်ထားသည့် ယဉ်ကျေးမှုအနုပညာဖြင့်ပေါင်းစပ်

သို့မှသာ မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်းကို ပြည်သူများ ပိုမိုလက်ခံ တန်ဖိုးထား လေးစားလာမည်

နေပြည်တော် မေ ၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းသည် မေ ၆ ရက်တွင် အမျိုးသားဇာတ်ရုံ (မန္တလေး)၌ အနုပညာဦးစီးဌာန(မန္တလေးဌာနခွဲ)နှင့်ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မန္တလေး)တို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအား လည်းကောင်း၊ မေ ၇ ရက်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ဝန်ထမ်းများအား လည်းကောင်း တွေ့ဆုံခဲ့သည်။

အလေးအနက်ထား

ထိုသို့ တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက ယဉ်ကျေးမှုဝန်ကြီးဌာနသည် တိုင်းပြည်အတွက် အခြေခံကျကျ အရေးကြီးသည့် အရေးပါသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သည်ကို ဝန်ထမ်းတိုင်းသိရှိပြီး လုပ်ငန်းတာဝန်များကို အလေးအနက်ထား ကြိုးပမ်းထမ်းဆောင်ကြစေလိုကြောင်း၊ ရှေးဟောင်းသုတေသနဌာနနှင့် အနုပညာဦးစီးဌာနတို့သည် ချမှတ်ပေးထားသည့် ရည်မှန်းချက်၊ ဦးတည်ချက်၊ လုပ်ငန်းတာဝန်၊ သန္နိဋ္ဌာန်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည့်အပြင် ရှေးဟောင်း အမွေအနှစ် လက်ရာများနှင့်အနုပညာများကို ပိုမို ဖော်ထုတ်ကြရန်၊ ထိန်းသိမ်းကြရန်၊ မြှင့်တင်ဆန်းသစ်ကြရန်နှင့် တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ပေါင်းစပ် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ထိုသို့အမျိုးဂုဏ်၊ ဇာတိဂုဏ်များကို ပိုမိုဖော်ထုတ် ထိန်းသိမ်းပြီး မြှင့်တင်ဆန်းသစ်ထားသည့် ယဉ်ကျေးမှုအနုပညာကို ပေါင်းစပ်ဖော်ထုတ်တင်ပြနိုင်မှသာ မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်းနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာပြည်သူများ၊ လူငယ်များက ပိုမိုလက်ခံတန်ဖိုးထားလေးစားလာပြီး တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်ခင်မြတ်နိုးတန်ဖိုးထားလေးစားသည့်စိတ်၊ ဘာသာယဉ်ကျေးမှု ဓလေ့စရိုက်များအပေါ် တန်ဖိုးထား မြတ်နိုးသည့် စိတ်ထားများကို မြှင့်တင်ကာကွယ်ပေးရာ ရောက်မည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ပြည်ပနိုင်ငံများက ပိုမိုသိရှိလာပြီး လာရောက်ကြည့်ရှုလေ့လာခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိခြင်း၊ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားရရှိခြင်း စသည့် အကျိုးကျေးဇူးများ ခံစားကြရမှာ ဖြစ်ကြောင်း။

ဝန်ကြီးဌာနက ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် အချက်(၁၄)ချက်ကို ချမှတ်ထားပြီးဖြစ်၍ ယင်းအချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အမျိုးသားဇာတ်ရုံ(မန္တလေး)၌ အနုပညာဦးစီးဌာန (မန္တလေးဌာနခွဲ)နှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မန္တလေး)တို့မှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် (အဖိတ်နေ့)
၉-၅-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၁၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၉။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၁၀။ **ချစ်တတ်ကြရအောင်**
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၃၀ ၁။ **Myanmar National League MNL Grand Royal Cup 2011** ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (မကွေး F.C အသင်းနှင့် ကမ္ဘောဇ F.C အသင်း)
- ၅:၀၀ ၂။ တေးဂီတအစီအစဉ်
- ၅:၁၀ ၃။ အကပဒေသာ
- ၅:၂၀ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅:၃၀ ၅။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
- ၆:၀၀ ၆။ ညနေခင်းသတင်း
- ၆:၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၂၉)
- ၈:၀၀ ၁၀။ ပြည်တွင်းသတင်း
  - ၁၁။ နိုင်ငံတကာသတင်းများ
  - ၁၂။ မိုးလေဝသအခြေအနေ
  - ၁၃။ **ကမ္ဘာကျော်သရုပ်ဆောင်များ**
  - ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၂၆)

ဒေဝယက္ခ တိုင်းရင်းဆေးတိုက်ထုတ် ဆေးဝါးများ မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ၌ ပါဝင်ပြသ

ရန်ကုန် မေ ၈

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို မေ ၅ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ပြသလျက်ရှိရာ ပြပွဲခန်းမကြီးအတွင်း ဒေဝယက္ခတိုင်းရင်းဆေး ပြခန်းသည်လည်း ပါဝင်ပြသလျက်ရှိသည်။ **(ယာပုံ)**

ဒေဝယက္ခ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးပြခန်းတွင် အပူစာများကို အလွန်အကြူးစားသုံးသူများအနေဖြင့် ခန္ဓာကိုယ်၌ အဖုအပိမ့်များ ထွက်လာသည့်အခါ အဖုအကြိတ်ဆို ပေါင်ဒါဘူးထဲ ထည့်လို့ရသည်အထိ မှုန့်သွားအောင် ပြုလုပ်နိုင်သည့် ဒေဝယက္ခ အဏုမြူမန်းဆေးများကို ပြသထားသည့်အပြင် နှာစေး၊ နှာမွန်၊ ခေါင်းမူး၊ အကြောတက် သူများအတွက် နဂါးရွှေဝါနှင့် မာဃဒေဝ အကြောပြေဒဏ်ကျေ လိမ်းဆေးတို့ကိုလည်း ပြသထားသည်။ ထို့ပြင် အဆိပ်အတောက်ဖြစ်ခြင်းဖြင့် အစားပျက်၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းရောင်၊ အစာအိမ်ရောဂါ ရှိသူများအတွက် မန်လည်အဖြေကျော်

အစာဖျက် မဟာဆေးကြီးနှင့် အမူးအမောပြေ၍ ဦးနှောက်ကြည်လင်လန်းဆန်းလိုသူများအတွက် "ဝ" လေးလုံး သဘာဝတိုင်းရင်းဆေးများကို ပြသထားရာ အဆိုပါဆေးများကို ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ဒေဝယက္ခ တိုင်းရင်းဆေးဝါးများကို မှာယူလိုပါက အမှတ် ၃၇၃ သနပ်ပင်လမ်း (အုန်းပင်တန်း) ပဲခူးမြို့နှင့် အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်းများ

ဥရောပဒုံးခွင်းဒုံးစနစ်အပေါ် ရုရှားနှင့်အမေရိကန်သဘောထားကွဲလွဲဆဲ

စိန့်ပီတာစဘတ် မေ ၈

ဥရောပ၌ ဒုံးခွင်းဒုံးစနစ်ဖြန့်ကြက်ရေး အမေရိကန်၏ အစီအစဉ်နှင့် ပတ်သက်၍ အမေရိကန်အစိုးရနှင့် ရုရှားအစိုးရတို့ သဘောထားကွဲလွဲလျက်ပင် ရှိသေးကြောင်း ရုရှားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနီကိုလိုင်မာကာရော့ဗ်က မေ ၆ ရက်က ပြောကြားလိုက်သည်။

ထုတ်ဖော်ပြောကြား

ဗိုလ်ချုပ်ကြီး နီကိုလိုင်မာကာရော့ဗ်က စိန့်ပီတာစဘတ်မြို့၌ အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌ ရေတပ်ဗိုလ်ချုပ်ကြီး မိုက်မူလင်နှင့် မေ ၆ ရက်က တွေ့ဆုံပြီးနောက် အထက်ပါအတိုင်းထုတ်ဖော်ပြောကြားသည်။

ရိုမေးနီးယားနိုင်ငံတောင်ပိုင်း ဒီဗီဆီလူမြို့၌ တည်ရှိသည့် တပ်စခန်းတွင် အမေရိကန်ဒုံးခွင်းဒုံးစနစ်ဖြန့်ကြက်ရန် အမေရိကန်အစိုးရနှင့် ရိုမေးနီးယားအစိုးရတို့ သဘောတူပြီးနောက် ရုရှားဗိုလ်ချုပ်ကြီး နီကိုလိုင်မာကာရော့ဗ်က ယင်းကိစ္စကို ထုတ်ဖော်ပြောကြားခြင်းလည်း ဖြစ်သည်။

အမေရိကန်နှင့်နေတိုးတပ်ဖွဲ့က ဥရောပ၌ ရုရှားမပါဝင်ဘဲ ဒုံးပျံစနစ်တည်ဆောက်လျှင် ရုရှားအစိုးရကလည်း လိုအပ်သလို တုံ့ပြန်ဆောင်ရွက်ရလိမ့်မည်ဟု စောစောပိုင်းကပင် သတိပေးထားသည်ဟု ဆို၏။

(အင်တာနက်)

အမေနေ့ အာကာသ၌ကျင်းပ မိခင်ဖြစ်သူ အာကာသယာဉ်မှူး သားငယ်နှင့် စကားပြောဆို

နာဆာ မေ ၈

အမျိုးသမီးအာကာသယာဉ်မှူး ကာဒီကိုးလ်မင်း **(ယာပုံ)**သည် မေ ၆ ရက်က အာကာသ၌ အမေနေ့ အခမ်းအနားကို အခြားသော အာကာသယာဉ်မှူးများနှင့် အတူ ကျင်းပခဲ့သည်။

ကျင်းပခဲ့

ကိုးလ်မင်းသည် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလကတည်းက ကမ္ဘာမြေအထက် မိုင် ၂၂၀ အကွာရှိ နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ရောက်ရှိနေခဲ့သူဖြစ်သည်။ သူမသည် အမေနေ့ကို အခြားသော အမျိုးသားအာကာသယာဉ်မှူး ငါးဦးနှင့်အတူ ကျင်းပခဲ့သည်။

စီစဉ်ထား

ကိုးလ်မင်းနှင့် ခင်ပွန်းဖြစ်သူ ဂျိုးစ်တို့တွင် ၁၀နှစ်သားအရွယ် သားငယ်တစ်ဦးရှိသည်။ မိမိအနေဖြင့် သားဖြစ်သူကို အလွန်လွမ်းမိကြောင်း၊ ယင်းအတွက် အမေနေ့ကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အာကာသယာဉ်စခန်းမှနေ၍ သားဖြစ်သူအား ဆက်သွယ်စကားပြောခဲ့ပုံများကို စီဘီအက်စ်ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သည်။ ကိုးလ်မင်းသည် အမေရိကန်လေတပ်မှ အငြိမ်းစားဗိုလ်မှူးကြီး ဖြစ်သည်။ ၎င်းသည် အာကာသယာဉ်စခန်းသို့ တတိယအကြိမ်မြောက် ရောက်ရှိနေခြင်း ဖြစ်သည်။ ၁၉၉၅ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်တို့တွင် ကိုလံဘီယာလွန်းပြန်ယာဉ်နှင့်အတူ အာကာသယာဉ်စခန်းသို့ ရောက်ရှိခဲ့ဖူးသူဖြစ်သည်။ သူမသည် မေ ၂၃ ရက်တွင် ရုရှားဆိုယုဇ်အာကာသယာဉ်ဖြင့်ဆင်းသက်ကာ ကမ္ဘာမြေသို့ ပြန်လာရန်စီစဉ်ထားသည်။ **(အမ်အင်န်အေ၊ဆင်ဟွာ)**

ဖိလစ်ပိုင်လေဆိပ်၌ ရပ်ထားသည့်လေယာဉ် မိုးကြိုးပစ်ခံရ၍ ကိုးဦး ဒဏ်ရာရရှိ

မနီလာ မေ ၈

ဖိလစ်ပိုင်နိုင်ငံ နီနွိုင်းအကွီနို နိုင်ငံတကာလေဆိပ်၌ မေ ၇ ရက် ညဦးပိုင်းက လေယာဉ်ကွင်းအတွင်း ရပ်ထားသော အဲဘတ်စ် ၃၂၀ လေယာဉ်တစ်စင်း မိုးကြိုးပစ်ခံရသဖြင့် လေဆိပ်လုပ်သား ကိုးဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားသတင်းဌာနက မေ ၈ ရက်တွင် သတင်းထုတ်လွှင့်ခဲ့သည်။

အဆိုပါ ဖိလစ်ပိုင်လေကြောင်းလိုင်းပိုင် လေယာဉ်သည် ဗန်ကောက်မှ ရောက်ရှိလာပြီး မကြာမီ ည ၇ နာရီခန့်က မိုးကြိုးပစ်ခဲ့ခြင်းဖြစ်ကြောင်း **(ယာပုံ)** သတင်းတွင် ဖော်ပြသည်။

ထိခိုက်ဒဏ်ရာရ

ယင်းကဲ့သို့ မိုးကြိုးပစ်စဉ် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များ လေယာဉ်ပေါ်မှ ဆင်းသွားပြီဖြစ်၍ မိုးကြိုးအထိခံရခြင်းမရှိဘဲ ခရီးသည်များ၏ အိတ်များချပေးနေသူ ခြောက်ဦးနှင့် မြေပြင်လေယာဉ်ကွင်း ဝန်ထမ်းသုံးဦးတို့ လေယာဉ်အောက်၌ရှိနေကြသဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

(အမ်အင်န်အေ၊ဆင်ဟွာ)

ဘဂ္ဂဒက်အကျဉ်းထောင်တစ်ခုအတွင်း တိုက်ခိုက်မှုဖြစ်၊ ၁၈ ဦးသေဆုံး

ဘဂ္ဂဒက် မေ ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အကျဉ်းထောင်တစ်ခုအတွင်း မေ ၈ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကျဉ်းသားများ တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၈ ဦးသေဆုံးသွားကြောင်း လုံခြုံရေး တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံးသူများတွင် ပြီးခဲ့သည့်နှစ်အောက်တိုဘာလက လူ ၅၀ သေဆုံးခဲ့ရသည့် အဆောက်အအုံ တစ်ခုကို တိုက်ခိုက်ရန်စီစဉ်ခဲ့သူ ဘဂ္ဂဒက်အင်ပါယာဟု လူသိများသော အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦးလည်း ပါဝင်ကြောင်း ဘဂ္ဂဒက် လုံခြုံရေးပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ အကျဉ်းသားတစ်ဦးက အစောင့်တစ်ဦးထံမှသေနတ်ဆွဲလုပြီး ပစ်ခတ်သဖြင့် လုံခြုံရေးအစောင့်နှင့် အရာရှိ စုစုပေါင်းခုနစ်ဦး သေဆုံးခဲ့ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည် ပစ်ခတ်ခဲ့သဖြင့် အကျဉ်းသား ၁၁ ဦးသေဆုံးခဲ့ရကြောင်း လုံခြုံရေး ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

● မိုးမြင့်လင်းလက် - စုစည်းသည် ●

ကွာလာလမ်ပူမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ကွာလာလမ်ပူ မေ ၈

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့လယ်တွင် မေ ၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၉ နာရီ ၄၅ မိနစ်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ လူတစ်ဦး ပြင်းထန်စွာဒဏ်ရာရပြီး ဆေးရုံတင်ပို့လိုက်ရကြောင်း မလေးရှား ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်

ဖြစ်ပွားမှုမှာ ကွာလာလမ်ပူမြို့ရှိ အမြွှာမိုးပျံတာဝါ၏ အနောက်မြောက်ဘက် ကီလိုမီတာဝက်ခန့်အကွာ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း မလေးရှားရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။ **(အမ်အင်န်အေ၊ဆင်ဟွာ)**

အမေရိကန်၌ မြစ်ရေလျှံပြီး ရေလွှမ်း ဒေသခံ ၁၀၀၀ကျော် ဘေးကင်းရာသို့ ရွှေ့ပြောင်း

မင်ဖီစ် မေ ၈

အမေရိကန်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မစ္စစ္စပီမြစ်ရေလျှံမှုဖြစ်ပွားရာ နေအိမ်များရေနစ်မြုပ်ပြီး ဒေသခံ ၁၀၀၀ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အမေရိကန်အရာရှိများက မေ ၈ ရက်၌ ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

မြစ်ရေအမြင့်

မစ္စစ္စပီမြစ်ရေသည် ၁၉၂၇ ခုနှစ်က ၄၅ ဒသမ ၈ ပေအထိ မြင့်တက်ခဲ့ပြီး ၁၉၃၇ ခုနှစ်က ၄၈ ဒသမ ၇ ပေအထိ မြင့်တက်ခဲ့သည်။ ယခု ၎င်းမြစ်ရေအမြင့်မှာ ၄၈ ပေအထိ ရောက်ရှိနေသည်။

ကူညီဆောင်ရွက်

မြစ်ရေလျှံမှု အဆိုးရွားဆုံးနေရာမှာ ၄၉ ဒသမ ၅ ပေအထိ မြင့်တက်လျက်ရှိသည်။ မင်ဖီစ်မြို့တစ်မြို့လုံး မြစ်ရေလျှံလျက်ရှိရာ ရေလွှမ်းလျက်ရှိသည်။ အကူအညီပေးရေးအဖွဲ့များက ရေဘေးဒုက္ခမှ လွတ်ကင်းရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်အရှေ့ပိုင်း၌ မုန်တိုင်းတိုက်ခတ် သုံးဦးသေဆုံး၊ အများစု ရေဘေးဒုက္ခကြုံတွေ့နေရ

မနီလာ မေ ၈

ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်း၌ မေ ၈ ရက်က အေရီအမည်ရှိ အပူပိုင်းမုန်တိုင်းတိုက်ခတ်ခဲ့သဖြင့် ရေကြီး၊ မြေပြိုမှုများဖြစ်ပေါ်ကာ ယခုအထိသေဆုံးသူသုံးဦးရှိပြီး ထောင်ချီ၍ ရေဘေးဒုက္ခကြုံတွေ့နေရလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထိုမုန်တိုင်းသည် ကာတန်ဒူယာနက်ကျွန်းပေါ်သို့ မေ ၈ ရက် မွန်းလွဲပိုင်းတွင် ဝင်ရောက်ခဲ့ကြောင်း၊ ယင်းမုန်တိုင်းသည် နောက်ရက်တွင် နိုင်ငံအရှေ့မြောက်ပိုင်းသို့ ဆက်လက်ဝင်ရောက်ဖွယ်ရှိကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာနက ခန့်မှန်းထားသည်။

အဆိုပါသေဆုံးသူ သုံးဦးမှာ ကမ်မာရီနက် နက်ဆာပြည်နယ်၌ မိုးသည်းထန်ပြီး မြေပြိုခဲ့သဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းပြည်နယ်သို့ ဆက်သွယ်ထားသော အဓိကလမ်းမကြီးမှာ ရေကြီးနေသဖြင့် မော်တော်ကားများ လုံးဝဖြတ်သန်းသွားလာ၍မရတော့ကြောင်း ဘိုင်ကောဒေသ ရဲဌာနချုပ်မှ ပြောခွင့်ရပုဂ္ဂိုလ် စုံစမ်းရေးမှူးအင်းနာကျူရယ်က ပြောကြားသည်။ ကာတန်ဒူယာနက်ကျွန်းပေါ်တွင် မုန်တိုင်းတိုက်ပြီး ရေကြီးနေသဖြင့် **(အောက်ပုံ)** လူဦးရေ ၂၅၀၀၀၀ ကျော် ပိတ်မိနေကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၅၂ ဒသမ ၈ မိုင်နှုန်း တိုက်ခတ်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ အဌမအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဌဖလား အမျိုးသား ပတ်လည် အမှတ်ပေး ဟော်ကီပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဌဖလား အမျိုးသား ပတ်လည်အမှတ်ပေး ဟော်ကီပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၈

အဌမအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဌဖလား အမျိုးသား ပတ်လည်အမှတ်ပေး ဟော်ကီပြိုင်ပွဲကို မေ ၇ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် သိမ်ဖြူ မြက်ခင်းတု ဟော်ကီအားကစားကွင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။

ယှဉ်ပြိုင်

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဖွင့်ပွဲစဉ်အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းနှင့် SMART အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ယင်းပြိုင်ပွဲများသည် နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်အားကစားသမားများ ရွေးချယ်ရန်အတွက် အဓိကကျသည့် ပြိုင်ပွဲဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချိန်ခါမရွေး သတိပေး

မီးဘေး ကင်းဝေးမှာ

စစ်တွေနှင့်ကျောက်တော်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် မေ ၃ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ပြည်နယ်အတွင်းရှိ ကျေးရွာမီးလင်းရေး ကော်မတီများနှင့်လည်းကောင်း၊ ခရိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် မေ ၄ ရက်က ရခိုင်ပြည်နယ် ကျောက်တော် လျှပ်စစ်အင်ဂျင်နီယာရုံး၌ ကျောက်တော်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စစ်တွေမြို့၌ ဓာတ်အားပေးစက်များဖြင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယရဲအုပ်လောင်း သူရတပ်ခွဲသင်တန်းဆင်း

နေပြည်တော် မေ ၈

ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုလေ့ကျင့်ရေးကျောင်း ဗဟိုခန်းမ၌ မေ ၆ ရက် နံနက် ၇ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၆၈/၂၀၁၀) သူရတပ်ခွဲသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပသည်။

ချီးမြှင့်

အဆိုပါသင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ကျော်ကျော်ထွန်းက အကောင်းဆုံး ကျောင်းသားဆုရ ကျောင်းသား အမှတ်(၈၉) ဒုတိယရဲအုပ်လောင်း အောင်လွင်မိုး**(ယာပုံ)**၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသား အမှတ်(၁၇၅) ဒုတိယရဲအုပ်လောင်း အောင်ခိုင်ဝင်း၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ကျောင်းသား အမှတ်(၉၇) ဒုတိယရဲအုပ်လောင်း နေဇော်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသား အမှတ်(၉၇) ဒုတိယရဲအုပ်လောင်း နေဇော်၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသား အမှတ်(၉၆) ဒုတိယရဲအုပ်လောင်း ဇင်မင်းဦးတို့အား ဆုများချီးမြှင့်ခဲ့သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၅၈ ဦး တက်ရောက် အောင်မြင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မေ ၅ ရက်က မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက် ပိုးလောက်လမ်း နှိမ်နင်းဆေးခတ်ခြင်းကို မြို့နယ်ဆရာဝန်ဒေါက်တာကျော်မျိုးလှိုင်နှင့်အမှုဆောင်အရာရှိ ဦးလှသိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြမြို့နယ်၌ အရှည်ပေ ၁၅၆၀၊ အကျယ် ၁၂ ပေရှိ ၁၂ လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် ရေးသားသည်

နယူးဇီလန်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် စက်ချွတ်ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်

ဝဲလ်လင်တန် မေ ၈

နယူးဇီလန်နိုင်ငံ မြောက်ပိုင်း ဟယ်မေတန်မြို့ လေဆိပ်သို့ မေ ၈ ရက် နံနက်ပိုင်းက ဘိုးရင်း-၇၃၇ နယူးဇီလန် လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရသည်။ ပျံသန်းနေစဉ်မှာပင် လေယာဉ်၏ အင်ဂျင်တစ်လုံး အလုပ်မလုပ်တော့သဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဆင်းသက်နိုင်

ထိုခရီးသည်တင် လေယာဉ်သည် လေဆိပ်သို့ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ကြောင်း၊ အင်ဂျင်ချွတ်ယွင်းမှုဖြစ်ရခြင်းမှာ လောင်စာဆီပို့လွှတ်မှုစနစ် ချွတ်ယွင်းခြင်းကြောင့် ဖြစ်နိုင်ကြောင်း နယူးဇီလန်လေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ချွတ်ယွင်းခဲ့

လေယာဉ်ပေါ်တွင် ခရီးသည် ၁၀၁ဦးလိုက်ပါလာခဲ့ပြီး အော့ကလန်မြို့မှ ဝဲလ်လင်တန်မြို့သို့ ပျံသန်းလာသည့်ခရီးစဉ်တွင် အင်ဂျင်တစ်လုံး ချွတ်ယွင်းခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဘိုလီးဗီးယားနိုင်ငံတွင် အင်ဒီယန်းစုံတွဲ ၃၅၀ ထိမ်းမြားမင်္ဂလာပွဲကြီးကျင်းပ

လာပါ့ဇ် မေ ၈

ဘိုလီးဗီးယားနိုင်ငံတွင် အင်ဒီယန်းစုံတွဲ ၃၅၀၏ စုပေါင်းလက်ထပ်ပွဲကို မေ ၇ ရက်က ရိုးရာဓလေ့နှင့်အညီ ကျင်းပခဲ့သည်။ ၄င်းမင်္ဂလာပွဲကြီးသို့ ဘိုလီးဗီးယားသမ္မတ အီဗိုမော်လာလီက တက်ရောက် ချီးမြှင့်ပေးခဲ့သည်။

ပြောကြား

လက်ထပ်ပွဲအခမ်းအနားကို လာပါ့ဇ်မြို့ ကိုလိုဆန်းရင်ပြင်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ တေးဂီတဝိုင်းအချို့ကလည်း မေတ္တာဘွဲ့ တေးသီချင်းများကို တီးမှုတ်ကာ မင်္ဂလာမောင်နှံများအတွက် သီကျူးပေးကြသည်။ အခမ်းအနားတွင် ရိုးရာခြုံထည်ပဝါနှင့် ဦးထုပ်များဆင်မြန်းကာ အရောင်အသွေးစုံ စီခြယ်ထားသည့် စုံတွဲများအလယ် သမ္မတမော်လာလီက ဘဝလက်တွဲဖော် မောင်နှံများအတွက် ချီးမြှောက်စကား ပြောကြားခဲ့သည်။ **(အပေါ်ပုံ) (အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာ၌ တစ်ရက်အတွင်း တိုက်ခိုက်မှု ၂၀ ဖြစ်ပွား

ကန်ဒါဟာ မေ ၈

အာဖဂန်နစ္စတန် ကန်ဒါဟာစီရင်စုနယ်မြေတွင် မေ ၇ ရက်တစ်ရက်တည်းတွင် ပစ်ခတ်ဖောက်ခွဲတိုက်ခိုက်မှု ၂၀ ဖြစ်ပွားခဲ့ရာ ဒဏ်ရာရသူ စုစုပေါင်း ၁၆ ဦးရှိကြောင်း ဒေသတာဝန်ရှိသူများက ပြောကြားသည်။

ကန်ဒါဟာစီရင်စုအတွင်း တာလီဘန်တို့၏ ယခုတိုက်ခိုက်မှုများသည် မေ ၇ ရက် နံနက် ၁ နာရီမှပင် စတင်ခဲ့ကြောင်း၊ ပစ်ခတ်ဖောက်ခွဲတိုက်ခိုက်မှု ၂၀ တွင် တိုက်ခိုက်မှုနှစ်ခုမှာ အသေခံဗုံးခွဲမှုဖြစ်ပြီး ကျန်တိုက်ခိုက်မှုများမှာ ဒုံးကျည်များဖြင့် ပစ်ခတ်မှုကြောင့်ဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဒဏ်ရာရရှိသူ ၁၆ ဦးတွင် ၁၀ ဦးမှာ အရပ်သားများဖြစ်ကြပြီး ခြောက်ဦးမှာ ရဲဝန်ထမ်းများဖြစ်သည်ဟု နယ်မြေအုပ်ချုပ်ရေးတာဝန်ရှိသူ ဇာမေး အာဂုဘီက ပြောကြားသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် တိုက်ခိုက်ရေးသမားများအကြား လက်နက်ကိုင်ပစ်ခတ်မှုများ ဖြစ်ပွားနေဆဲဖြစ်ကြောင်း ၄င်းကပင် ဆက်လက်ပြောကြားသည်။

နယ်မြေအုပ်ချုပ်ရေးရုံးနှင့် အခြားနေရာအတော်များများတွင် ထိုနေ့မွန်းလွဲပိုင်းက တာလီဘန်တို့၏ တိုက်ခိုက်မှုခံခဲ့ရကြောင်း၊ သတင်းအပြည့်အစုံကို မကြာမီ ပြောဆိုနိုင်လိမ့်မည်ဖြစ်ကြောင်း အာဂုဘီကပင် ဆက်လက်ပြောကြားခဲ့သည်။ **(အင်တာနက်)**

အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်ခဲ့

နေပြည်တော် မေ ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၄ ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Center (NCC)၌ ကျင်းပသော (၁၄) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး (14th ASEAN + 3 Finance Minister's Meeting) နှင့် မေ ၅ ရက်မှ ၆ ရက်အထိ ကျင်းပသော (၄၄)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေး (44th Asian Development Bank Annual Meeting) နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်သို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Haruhiko Kuroda က ဒေသတွင်း စီးပွားရေးအလားအလာများနှင့် မူဝါဒရေးရာ စိန်ခေါ်မှုများကို တင်ပြရာ ကိုရီးယား၊ ဂျပန်၊ တရုတ်နှင့်အာဆီယံနိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများက တင်ပြချက်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

အကြံပြုဆွေးနွေး

ထို့နောက် အာဆီယံ+၃ ဘဏ္ဍာရေးနှင့်ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေး၏ပူးတွဲသဘာပတိများက အာဆီယံ+၃ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှု (ASEAN + 3 Financial Cooperation)အရ ဆောင်ရွက်လျက်

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မေ ၅ ရက် နံနက်ပိုင်းတွင် National Convention Center (NCC) ၌ စတင် ကျင်းပသည့် (၄၄)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ရာ အခမ်းအနားတွင် သဘာပတိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗဟိုဘဏ် ဥက္ကဋ္ဌ Mr. Nguyen Van Giau က အဖွင့်အမှာစကားပြောကြားပြီး ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Nguyen Tan Dung နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုအရှိန်အဟုန် ပိုမိုမြင့်မားစေရန် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးကဏ္ဍမှ ကူညီပံ့ပိုးပေးမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အမြင်ချင်းဖလှယ်

ပြည်ထောင်စုဝန်ကြီးသည် မေ ၄ ရက် မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့ရှိ National Convention Center (NCC) ၌ ကျင်းပသည့် ပဋ္ဌမအကြိမ်မြောက် အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်စွာဆောင်ရွက်ခွင့်ပြုရေး အခြေပြစာချုပ်လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်၍ အခြားအာဆီယံဘဏ္ဍာရေး ဝန်ကြီးများနှင့်အတူ ပါဝင်လက်မှတ်ရေးထိုးပြီး မွန်းလွဲ ၂ နာရီတွင် ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးရှိသည့် အာရှငွေချေးစာချုပ်ဈေးကွက်များ အကောင်အထည်ဖော်မှု အစီအစဉ် (Asian Bond Market Initiative - ABMI)၊ ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်ရေးဆိုင်ရာများ (Chiang -Mai Initiative Multilateralization -CMIM) နှင့် အာဆီယံ+၃ သုတေသနလုပ်ငန်းအုပ်စု (ASEAN + 3 Research Group) တို့၏ လုပ်ငန်းတိုးတက်မှုအခြေအနေများကို တင်ပြကြရာ ဘဏ္ဍာရေးဝန်ကြီးများက ရှေ့ဆက်လက်ဆောင်ရွက်ရန်များအပေါ် အကြံပြုဆွေးနွေးခဲ့ကြသည်။

သတင်းစာရှင်းလင်း

ယင်းနောက် ညနေပိုင်းတွင် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများသည် ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ပြီး သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

မြောင်းမြမြို့နယ် သရက်ကုန်းကျေးရွာအုပ်စုတွင် မြေကြီး၊ မြေပုံ မှန်ကန်ရေးနှင့် မိုးကြိုသီးနှံစိုက်ဧက မှန်ကန်စွာရရှိရေးအတွက် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးတင်ဝင်းနှင့်အဖွဲ့ မေ ၂ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်မြေစာရင်းဦးစီးဌာန)

မေ ၇ ရက်က သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ပဲခူးဘူတာအတွင်းအပြင် သန့်ရှင်းလှပရေးဆောင်ရွက်

ရန်ကုန် မေ ၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် မေ ၆ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ပဲခူးဘူတာကို ကြည့်ရှုစစ်ဆေးပြီး ဘူတာအတွင်းအပြင် သန့်ရှင်းသာယာလှပရေး၊ လုံခြုံရေး အထူးဂရုပြုဆောင်ရွက်ရေး၊ ဝင်ငွေလျာထားချက်တိုးမြှင့်အကောင်အထည်ဖော်ရေး၊ ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၇ ရက်တွင် တောင်ငူမြို့ သမိုင်းဝင်ရွှေဆံတော်ဘုရား ထီးတော်တင်ပွဲသို့ တက်ရောက်ကြည်ညိုပြီး မွန်းလွဲပိုင်းတွင် တောင်ငူမြို့ အားကစားကွင်း၌ ကျင်းပသော (၁၉)နှစ်အောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဘောလုံးဗိုလ်လုပွဲကို ကြည့်ရှုအားပေးကာ ဒုတိယဆုရ တောင်ငူခရိုင်နှင့် ပထမဆုရ ပဲခူးခရိုင်အသင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တောင်ငူကျုံးပတ်လည်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မေ ၈ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပသော ၂၀၁၁ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားသို့ တက်ရောက်၍ ထူးချွန်ကြက်ခြေနီများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း ပဲခူးဘူတာ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

◆ ***ရှေ့ဖုံးမှ***

ထိန်းသိမ်းဆောင်ရွက်ရေး၊ သုခမ္မာဇရပ်တစ်ဆောင်ချင်း၏ ပျက်စီးမှုများကို အသေးစိတ်စစ်ဆေးတွက်ချက်ပြီး ဝန်ကြီးဌာနမှ ပြုပြင်မွမ်းမံခြင်းအပြင် အလှူရှင်များဖိတ်ခေါ်၍ ပြုပြင်ထိန်းသိမ်းခြင်း နည်းကိုပါ ပေါင်းစပ်ဆောင်ရွက်ရေး၊ ရှေးဟောင်းလက်ရာပစ္စည်းများ ပျောက်ဆုံးပျက်စီးမှု မရှိစေရန် လုံခြုံရေးအပြည့်အဝဆောင်ရွက်ထားရှိရေးတို့ကို တာဝန်ရှိသူများအား အသေးစိတ်မှာကြားသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၉ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် ဧရာဝတီတံတား(စင်းခန်း)

နေပြည်တော် မေ ၈

ဧပြီလ ပထမပတ် သင်္ကြန်မတိုင်ခင်ရက်အတွင်းက ဧရာဝတီတံတား(စင်းခန်း)သို့ရောက်ခဲ့သည်။ ဧရာဝတီတံတား(စင်းခန်း)သည် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်အတွင်း၌ တည်ဆောက်နေသော ဧရာဝတီမြစ်ကူးတံတားကြီး ဖြစ်သည်။

သွားရောက်

ခရီးစဉ်မှာ ရန်ကုန်မှမြစ်ကြီးနားသို့ လေကြောင်းလိုင်းတစ်ခုဖြင့် သွားခဲ့ပြီး မြစ်ကြီးနားမှ ဗန်းမော်သို့ လာကြိုသော ဗင်ကားလေးဖြင့်သွားခြင်းဖြစ်သည်။ ကချင်ပြည်နယ်၌ နိုင်ငံတော်အစိုးရက ကားလမ်း၊ ရထားလမ်းနှင့် တံတားများ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာ ဗန်းမော်မြို့နှင့် မိုင် ၃၀ကျော်ဝေးသည့် စင်းခန်းကျေးရွာအနီး ဧရာဝတီမြစ်ပေါ်တွင် ကားလမ်းနှင့်ရထားလမ်းနှစ်မျိုးပါသည့် ဧရာဝတီတံတား(စင်းခန်း)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်နေကြောင်း ကြားသိရ၍ သတင်းဆောင်းပါးရေးသားတင်ပြနိုင်ရန် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

စတင်

ဧရာဝတီတံတား(စင်းခန်း)သည် ဧရာဝတီမြစ်၏ ဒုတိယမြစ်ကျဉ်းအထက် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး၌ နှစ်လမ်းမောင်း ကားလမ်းနှင့် မီးရထားလမ်း တစ်လမ်း ယှဉ်တွဲပါရှိသော တံတားကြီးဖြစ်သည်။ တံတားတည်ဆောက်ရေးလုပ်ငန်းကို ၇-၅-၂၀၀၉ ရက်နေ့မှ စတင်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ကားလမ်းနှင့်ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ပေးလိုက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးလာပြီး ဒေသအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။

တံတားဆိုင်ရာ အချက်အလက်များမှာ

တံတားအမည်	-	ဧရာဝတီတံတား(စင်းခန်း)
တံတားအမျိုးအစား		
အောက်ထည်	-	သံကူကွန်ကရစ်
အပေါ်ထည်	-	သံမဏိသံပေါင်+ကြိုတင်အားဖြည့်ကွန်ကရစ်+သံကူကွန်ကရစ်
ပင်မတံတားအရှည်	-	၃၂၁၅ ပေ
ချဉ်းကပ်ကားတံတားအရှည် (ကသာဘက်ကမ်း+ဗန်းမော်ဘက်ကမ်း)	-	၆၈၀ ပေ + ၇၃၅ ပေ = ၁၄၁၅ပေ
ချဉ်းကပ်မီးရထားတံတား (ကသာဘက်ကမ်း+ဗန်းမော်ဘက်ကမ်း)	-	၆၈၀ ပေ + ၁၆၁၅ ပေ = ၂၂၉၅ပေ
စုစုပေါင်းကားတံတားအရှည်	-	၄၆၃၀ ပေ
စုစုပေါင်းမီးရထားတံတားအရှည်	-	၅၅၁၀ ပေ
တံတားအကျယ်		
ယာဉ်သွားလမ်းအကျယ်	-	၂၈ ပေ
(လူသွားလမ်းအကျယ်)	-	(တစ်ဖက်လျှင် သုံးပေစီ)
ရထားလမ်းအကျယ်	-	၁၄ ပေ
ရေလမ်းကင်းလွတ်နယ်		
အကျယ်	-	၃၂၀ ပေ
အမြင့်	-	၄၇ ပေ
ခွင့်ပြုယာဉ်အလေးချိန်		
မော်တော်ယာဉ်	-	ယာဉ်တစ်စီးချင်း ခွင့်ပြုတန် (၆၀) HS 25
မီးရထား	-	Indian Railway Standard (IRS) Heavy Mineral Loading

ကျွန်တော်တို့ သတင်းအဖွဲ့သည် ဧရာဝတီတံတား (စင်းခန်း)၌ သတင်း၊ ဓာတ်ပုံများကို ရိုက်ကူးပြီး အင်ဂျင်နီယာမှူးကြီး ဦးမျိုးဝင်းအား တွေ့ဆုံ၍

သတင်းဆောင်းပါး

ခရမ်းစိုးမြင့်

ဓာတ်ပုံမှတ်တမ်း

ကျော်မိုးလွင်

သက်စွန့်ဆံဖျားဆောင်ရွက်

ဧရာဝတီတံတား(စင်းခန်း)အား သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို မြန်မာအင်ဂျင်နီယာလုပ်သားကြီးများ ဤသို့ သက်စွန့်ဆံဖျား ဆောင်ရွက်နေကြစဉ်။

တံတားတည်ဆောက်ရေးနှင့် စပ်လျဉ်းပြီး မေးကြည့်ခဲ့သည်။ ၎င်းက ပင်မတံတားတိုင်များကို သံကူကွန်ကရစ် Bored Pile (ဘိုးပိုင်) အုတ်မြစ်များဖြင့် တည်ဆောက်ထားကြောင်း၊ ပင်မတံတားတွင် Bored Pile စုစုပေါင်း ၁၆၆ လုံးပါရှိပြီး လုပ်ငန်းများကို ၁၇-၇-၂၀၀၉ ရက်နေ့မှစတင်၍ တည်ဆောက်ခဲ့ကာ ၆-၅-၂၀၁၀ ရက်နေ့တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ စုစုပေါင်း စက်လေးစက်ဖြင့် အဖွဲ့လေးဖွဲ့ခွဲပြီး ဆောင်ရွက်ခဲ့ကြောင်း။

ယင်းဘိုးပိုင်များအပေါ်၌ ပိုင်ထိပ်အုပ် Cap ၁၀ခုအား ၂၉-၈-၂၀၀၉ ရက်နေ့မှစ၍ ဆောင်ရွက်ခဲ့ရာ ကုန်းပေါ်တိုင်များဖြစ်သည့် RP_1, RP_2, RP_3, RP_9, RP_{10} ရေလယ်တိုင်များအနက် RP_7 နှင့် RP_8 စုစုပေါင်း ခုနစ်တိုင်မှာ ၁၈-၆-၂၀၁၀ ရက်နေ့တွင် ပြီးစီးခဲ့ကြောင်း၊ RP_4, RP_5, RP_6 တိုင်များကို ၂၇-၁၀-၂၀၁၀ ရက်နေ့တွင် ဆောင်ရွက်ပြီးစီးခဲ့ပြီး တိုင်ကိုယ်ထည် Shaft နှင့် Cross Beam ၁၀ခုကို ၁-၁-၂၀၁၁ရက်နေ့တွင် အလုံးစုံ ပြီးစီးခဲ့ကြောင်း၊ ပင်မတံတားတိုင်များကို ရေအမြင့်ဆုံးတက်သည့် ရေပြင်အထက်အမြင့် ၄၇ပေနှင့် ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ပေ ၃၂၀ ရရှိအောင် တည်ဆောက်ထားကြောင်း၊ ပင်မတံတား(ကားလမ်း) အကျယ် ၂၈ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီနှင့် ရထားလမ်းအကျယ် ၁၄ပေရှိပြီး ပင်မတံတားသံပေါင်တွင် သုံးစွဲမည့် စုစုပေါင်းခန့်မှန်းတန်ချိန်မှာ ၉၄၉၅တန်ဖြစ်ကာ ယခုစင်းခန်းတံတားသို့ သံပေါင်တန်ချိန် ၂၆၅၆ တန်ရောက်ရှိပြီးဖြစ်ကြောင်း။

ပင်မတံတားသံပေါင်များကို ဗန်းမော်ဘက်ကမ်း RP_{10} တိုင်မှ RP_9 တိုင်သို့ စတင်၍ ၁-၂-၂၀၁၁ ရက်နေ့တွင် စတင်တပ်ဆင်နေကြောင်း နှင့် ဆက်လက်၍ ရေလယ်တိုင်သံပေါင် တပ်ဆင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း၊ ပင်မတံတားသံပေါင်များအပေါ်တွင်ခင်းမည့် ကားလမ်းအတွက် ကြမ်းခင်းပြား ၇၃၂ချပ်နှင့် လူသွားလမ်းအတွက် ကြမ်းခင်းပြား ၄၈၈ ချပ်ကို ကြိုတင်သွန်းလောင်းထားခြင်းမှာလည်း အားလုံး ၁၀၀ ရာခိုင်နှုန်းအပြီး အသင့်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

တည်ဆောက်ရေးလုပ်ငန်းခွင်

ကချင်ပြည်နယ် အပါအဝင် နယ်စပ်ဒေသများ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာစေမည့် ဧရာဝတီတံတား (စင်းခန်း)တည်ဆောက်ရေး လုပ်ငန်းခွင်ကို ဤသို့တွေ့မြင်ရစဉ်။

ဧရာဝတီတံတား

(စင်းခန်း)

ဧရာဝတီတံတား(စင်းခန်း)မှ ချဉ်းကပ်ရထားတံတားကို ဤသို့ တွေ့ရစဉ်။

ထို့အပြင် ဧရာဝတီတံတား(စင်းခန်း)သည် အသစ်ဖောက်လုပ်လျက်ရှိသည့် ကသာ-ဗန်းမော် ရထားလမ်းနှင့်ကားလမ်းပိုင်းတွင်ပါဝင်သည့် တံတားကြီးဖြစ်ကြောင်း၊ မန္တလေး-တကောင်း-ဗန်းမော်ကားလမ်းကို ဖောက်လုပ်ပေးခဲ့သကဲ့သို့ ယခု ကသာ-ဗန်းမော်ရထားလမ်းနှင့်ကားလမ်းပါဝင်သော ဧရာဝတီတံတား(စင်းခန်း)ကို ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း သိခဲ့ရသည်။

တံတားကြီးပြီးစီးသွားပါက ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ မန္တလေး-တကောင်း-ဗန်းမော်(မဟာဗျူဟာလမ်း)အတိုင်း မန္တလေးမှ ဗန်းမော်သို့သွားလျှင် ၂၇၀/၅ မိုင် ကွာဝေးသော်လည်း ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှ မန္တလေး-ကသာ-ဗန်းမော်လမ်းအတိုင်း မန္တလေးမှ ဗန်းမော်သို့သွားလျှင် လမ်းခရီးမိုင် ၄၈/၂ မိုင် ပိုမိုကွာဝေးမည်ဖြစ်သည်။ သို့ရာတွင် ဧရာဝတီမြစ် အနောက်ဘက်ကမ်းမြို့ကြီးများဖြစ်သည့် စစ်ကိုင်း-ရွှေဘို-ထီးချိုင့်-ကသာ မြို့ကြီးများကို ဖြတ်သန်းသွားလာနိုင်သော၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေကြီးနှင့် ကချင်ပြည်နယ်တို့ကို ဆက်သွယ်၍ရသော အရေးပါသည့် ဧရာဝတီမြစ် အနောက်ဘက်ကမ်း လမ်းမကြီးတစ်လမ်း ဖြစ်သည့်အပြင် မန္တလေး-စစ်ကိုင်း-ရွှေဘို-ထီးချိုင့်-ကသာ-စင်းခန်း-ဗန်းမော်-မိုးမောက်-ဝိုင်းမော်-မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း-အင်းတော်-ကသာ-စင်းခန်း-ရွှေကူ-တကောင်း-မန္တလေးလမ်းကွန်ရက်(Road Network Loop) ပိုမိုကျယ်ဝန်းလာတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တွေ့ဆုံမှာကြား

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် လားရှိုးမြို့ရှိ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲများနှင့် အထူးအဖွဲ့များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်း-ကျော) (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hydrochina Kunming Engineering Corporation မှ ဒုတိယဥက္ကဋ္ဌ Mr.Shen Ai Hua နှင့်အဖွဲ့သည် မေ ၆ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အောက်ပုံ)** လျှပ်စစ်စွမ်းအားကဏ္ဍ၌ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

စစ်ကိုင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် မေ ၆ ရက် နံနက်ပိုင်းတွင် မြောင်မြို့နယ် ပရိမ္မကျေးရွာရှိ တောင်သူ ဦးဇော်တိုး စိုက်ပျိုးထားသည့် ဆင်းသုခ၊ သုခရင် စပါးမျိုး ငါးဇက စိုက်ပျိုးအောင်မြင်နေမှု၊ ပရိမ္မကျေးရွာအနီးရှိ တွင်းကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေပေးဝေမှုနှင့် ချင်းတွင်းမြစ်အရှေ့ဘက်ခြမ်း ထီးလှိုင်ရှင်ဘုရား ရေကာတာ ပြုပြင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြောင်မြို့၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

အားပေး

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြောင်မြို့နယ်နှင့် မြင်းမူမြို့နယ် ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား အားပေးစကားပြောကြားသည်။

မှာကြား

ထို့နောက် မြင်းမူမြို့နယ် ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ရေပေးဝေမှုဖြင့် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်ပင်သာယာရေးလုပ်ငန်းများ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဆွေးနွေးမှာကြား

နေပြည်တော် မေ ၈

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် မေ ၇ ရက် မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ရှိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ မြို့သန့်ရှင်းသာယာလှပရေး၊ မြို့အင်္ဂါရပ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၅-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ခန္ဓာဖြစ်စဉ်မြင်အောင်ကြည့်ပါ** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၈)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၆)
- ၈:၄၅ Legendary Journey Live at Singapore (Part-7)
- ၉:၄၀ ကုသိုလ်ရေးမှာပါဝင်ဆင်နွှဲ ဆိပ်ဖြူမြို့ရဲ့ဆွမ်းလောင်းပွဲ
- ၁၀:၀၅ ပင်လယ်ပြာဘေး၊ ကမာကေးမှ ရွှေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ
- ၁၀:၂၅ ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန မန္တလေးမြို့ ရှင်အပါး(၁၁၀၀) သာသနာ့အမွေခံ ရှင်သာမဏေ စုပေါင်းရှင်ပြု အလှူတော်မင်္ဂလာ
- ၁၀:၄၅ NIBBAN ၏လှုပ်ရှားမှုပုံရိပ်များ
- ၁၀:၅၅ နာဂလိုဏ်ဂူဘုရားကုန်းမြေမှ ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲ
- ၁၁:၁၀ Celebrity Choice (ငယ်ငယ်)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ Activities In The City [အမက(၅) သာကေတ၏ ပဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ]
- ၁၂:၂၀ မြတ်နိဗ္ဗာန်သို့ တက်လှမ်းနိုင်ရန် ရည်မျှော် ဒုတိယအကြိမ် ဒုလ္လဘရဟန်းခံပွဲတော်
- ၁၂:၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ဝက်အူမကြီးကြော်နှင့် ငါးသေတ္တာပန်းဂေါ်ဖီနှပ်)
- ၁:၀၀ **ခန္ဓာဖြစ်စဉ်မြင်အောင်ကြည့်ပါ** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စာအုပ်ပြခန်း (ရှက်ရှက်မှာဖြစ်သောကင်ဆာ အပါအဝင် အခြားကင်ဆာရောဂါဆောင်းပါးများစာအုပ်ရေးသားသူ ဒေါက်တာစိုးလွင်နှင့် တွေ့ဆုံမေးမြန်းခြင်း) (အပိုင်း-၂)
- ၂:၅၅ Activities In The City (သန်လျင်မြို့နယ်၏ ပထမပြန် စာအောင်ဆုပေးပွဲနှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဆင်းဆုပေးပွဲ)
- ၃:၀၅ သာသနာ့အမွေခံ ဇကန်မှန်ပေသည်
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၈)
- ၄:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၆)
- ၅:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၀ Sunday Talk (စာရေးဆရာကျော်ဦး၊ မျိုးမြတ်သူ)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၉)
- ၇:၁၀ Legendary Journey Live at Singapore (Part-8)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း **ဧည့်သည်လာတာ ကောင်းတယ်၊ ဧည့်သည်မလာတာ ကောင်းတယ်**
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၇)
- ၁၀:၂၀ ဗီဒီယိုပြခန်း
- ၁၀:၃၅ အနုပညာမိုးကောင်းကင်
- ၁၀:၅၅ **ရှိတော့ရှိတယ် ရှားတယ်** ခန့်ထက်နိုင်၊ စစ်ပိုင်၊ အမ်ဇိုင်း၊ ဟိန်းတေဇာ၊ ချစ်စနိုးဦး (ဒါရိုက်တာ- အဓိပတိမောင်မောင်ဦး)
- ၁၁:၁၅ International Show Biz
- ၁၁:၃၀ ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာ-မိုလာ)
- ၁၁:၅၀ မြန်မာ့လက်မှုအနုပညာ (ထန်းပန်းချီ၊ ကျောက်စီပန်းချီ)
- ၁၂:၀၀ Living on Water
- ၁၂:၄၅ ရေဆန်စီးတဲ့မြစ်
- ၁:၂၀ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ
- ၂:၀၀ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
- ၂:၂၅ အလှဆင်စရာပရိဘောဂကမ္ဘာ (Inner Space)
- ၂:၄၀ Movie Mistakes (Troy)
- ၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၀ 2D
- ၄:၂၀ ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတမြန်မာ့အက
- ၄:၃၀ လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး…
- ၄:၅၀ ပူဇော်လှူဒါန်းကြာသက်န်း
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Permier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Fulham-Liverpool	ESPN (Live)

ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

သတ္တုတူးဖော်ရေးအင်ဂျင်နီယာမိသားစု၏ သက်ကြီးပူဇော်ပွဲကို မေ ၁၀ ရက်က ရန်ကုန်မြို့ရှိ Lion City မင်္ဂလာခန်းမ၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဆရာ ဦးစန်းညွန့်က အဖွင့်အမှာစကား ပြောကြားပြီး သက်ကြီး သတ္တုတူးဖော်ရေးအင်ဂျင်နီယာများနှင့် ဆရာများအား ပူဇော်ကန်တော့ကြစဉ်။ (၁၃၅)

❖ *ကျောဖုံးမှ*

နေ့အပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိမည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၂၀ စင်တီမီတာ(လေးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်)၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၇၅ စင်တီမီတာ (နှစ်ပေခွဲခန့်) လက်ရှိ ရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၄၅ စင်တီမီတာ (တစ်ပေခွဲခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

(မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)

● *ကျောဖုံးမှ*

အဆိုပါ ရဟတ်ယာဉ်ပျံသန်းမှုကို ကီလိုမီတာ ၁၅၀ ကျော် အကွာအဝေးအတွင်းမှနေ၍ လူက ထိန်းချုပ်ပေးနိုင်မည် ဖြစ်သည်။ ယင်းရဟတ်ယာဉ်ကို အနာဂတ်ကာလ၌ လေ့လာစောင့်ကြပ်ခြင်း၊ ရှာဖွေခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းနှင့် သိပ္ပံဆိုင်ရာ စူးစမ်းလေ့လာခြင်း စသည့် စစ်ဘက်နှင့် အရပ်ဘက် နယ်ပယ်များတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဝေဖန်တီအင်ကျင်းလေယာဉ်ထုတ်လုပ်ရေးလုပ်ငန်း ဥက္ကဋ္ဌ ချန်ရှန်ဖောင်းက ပြောကြားသည်။

ယင်းရဟတ်ယာဉ်ကို တရုတ်နိုင်ငံမှ ဝေဖန်တီအင်ကျင်းလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ၊ ကျင်ဒိုဟာရီလီရဟတ်ယာဉ်ကုမ္ပဏီလီမိတက်၊ တရုတ်အမျိုးသားလေကြောင်းနည်းပညာဆိုင်ရာ ကော်ပိုရေးရှင်းတို့က ၂၀၁၀ ခုနှစ် ဩဂုတ်လ၌ အတူတကွပူးပေါင်းပြီး ထုတ်လုပ်ခဲ့ကြခြင်းဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ၌ အေးငြိမ်းသီတာစက်ရုံထုတ်ဆေးဝါးများ ပါဝင်ပြသ

ရန်ကုန် မေ ၈

မြန်မာ့တိုင်းရင်းဆေးဝါးများကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ပြသလျက်ရှိရာ အေးငြိမ်းသီတာ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်ထုတ် ဆေးစွမ်းကောင်းများလည်း ပါဝင်ပြသလျက်ရှိသည်။ **(အပေါ်ပုံ)** တိုင်းရင်းဆေးများသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စက်မှုဇုန်တွင် G.M.P စနစ်နှင့်အညီ တည်ဆောက်ထားသော စက်ရုံမှ ခေတ်မီသိပ္ပံနည်းကျ ဖော်စပ်ထားသော ဆေးစွမ်းကောင်းများ ဖြစ်ကြောင်း သိရသည်။

ထုတ်လုပ်

အေးငြိမ်းသီတာ စက်ရုံထုတ်ဆေးများမှာ နှလုံးသွေးကြောကျဉ်း၊ အဝလွန်၊ သွေးတိုး၊ လေဖြတ်၊ သွေးထဲတွင် အဆီစုခြင်း၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လေထိုးလေအောင့်သူများအတွက် သောက်ရလွယ်ကူသော အဆီကျဆေးတောင့်၊ ချောင်းဆိုးသလိပ်ကပ်၊ အစာမကြေ၊ ခံတွင်းပျက်၊ အစာမစားချင်သူများအတွက် အစာကြေဆေး၊ အအေးမိ ရေချိုးမှား၊ အခိုးငုပ်၊ ကိုယ်လက်ကိုက်သူများအတွက် အဖျားရောဂါပျောက်သောက်ဆေး၊ ဇက်ကြောထိုး၊ ကိုယ်လက်လေးလံ၊ အညောင်းအညာထိုင်သူများအတွက် အကြောအားတိုးဆေးပြားနှင့် ဆေးတောင့်၊ အသံဝင်အသံကပ်၊ ပန်းနာရင်ကျပ်သူများအတွက် သလိပ်ပြေဆေး၊ ဝမ်းပျက်ဝမ်းလျှော၊ ပျို့အန်သူများအတွက် အထက်လှန် အောက်လျှောသောက်ဆေးများကို သောက်ရလွယ်ကူစေရန်အတွက် နိုင်ငံခြားဆေးပုံစံဆေးလုံး(Capsule) များဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။

မှာယူနိုင်

အေးငြိမ်းသီတာ ဆေးဝါးများကို မှာယူလိုပါက ပွဲစားတန်းလမ်း အလယ်ရပ် မုံရွာမြို့ ဖုန်း-၀၇၁-၂၁၆၈၃၊ ၀၇၁-၂၂၅၆၁ နှင့် အေးငြိမ်းသီတာ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် တိုက်(၁) အခန်း(၁) မြေညီထပ် စက်ရုံလမ်းနှင့် အောင်သပြေလမ်းထောင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၁၅၅၄နှင့် ၀၁-၇၀၅၀၁၀တို့ထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

စာဖတ်ရှိန်မြှင့်တင်ရေးကြိုးပမ်းချက်

မင်းသန့်ကိုင်

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့နှင့်ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလတို့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် သာကေတမြို့နယ်တို့တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အထက်ပါ မြို့နယ်နှစ်မြို့နယ်ရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား စာစီစာကုံးပြိုင်ပွဲ ကျင်းပပေးခြင်း၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ပြိုင်ပွဲအသီးသီးအတွက် ခေါင်းစဉ်များအဖြစ် "ကျွန်တော်၊ ကျွန်မဖတ်ခဲ့ဖူးသော စာအုပ်တစ်အုပ်"၊ "ကျွန်တော်၊ ကျွန်မတို့ကျောင်းစာကြည့်တိုက်"နှင့် "အလိမ္မာ စာမှာရှိ" စသည်တို့ဖြစ်သည်။

ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် စေတနာရှင် အသီးသီးတို့ကလည်း ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို လှူဒါန်းခဲ့ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ စာပေဖတ်ရှုမှု အရှိန်အဟုန် ပိုမိုမြင့်မားလာစေရေးအတွက် မြို့ပြမှသည် ကျေးလက်ဒေသများပါမကျန် စာကြည့်တိုက်များကို ဖွင့်လှစ်ပေးခဲ့သည်။ ကျေးလက်ဒေသများတွင် ဖွင့်လှစ်ပေးခဲ့သည့် စာကြည့်တိုက်ပေါင်း ငါးသောင်းကျော် ရှိပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း စာကြည့်တိုက်များ တိုးတက်လာသည်နှင့်အမျှ ပြည်သူများ အသိဉာဏ်ပညာ၊ ဗဟုသုတတိုးပွားလာကာ အသိမှန်၊ အမြင်မှန်၊ အတွေးအခေါ် မှန်လာမည်ဖြစ်သည်။ ဤသည်နှင့်အတူ နိုင်ငံတော်တည်ဆောက်ရေးအတွက်လည်း အထောက်အပံ့ဖြစ်စေမည် ဖြစ်သည်။

စာကြည့်တိုက်များဖွင့်လှစ်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းပုံကို စာပေပညာရှင်အသီးသီးတို့က ဆိုမိန့်ခဲ့ကြသည်။ ယင်းအဆိုအမိန့်လေ့လာသိရှိနိုင်ရန် ဖော်ပြလိုက်ပါ၏။

* လူကို စိတ်ကအုပ်ချုပ်၏၊ စိတ်ကို ဉာဏ်ပညာကအုပ်ချုပ်၏၊ ဉာဏ်ပညာကို ဗဟုသုတက အုပ်ချုပ်၏။ သို့ဖြစ်၍ ဗဟုသုတရှိအောင် စာအုပ်စာတမ်းအမျိုးမျိုးကို ဖတ်ကြကုန်လော့။

* ဆရာကြီးပီမိုးနင်း

* စာဖတ်ခြင်းသည် မိမိအိမ်တံခါးများကို ဖွင့်သည်မည်၏။ စာမဖတ်ဘဲနေခြင်းသည် အိမ်တံခါးကို ပိတ်ထားသည်နှင့်တူ၏။

* ဆရာကြီးဦးပဂျိုင်

* အနားမှာစာအုပ်မထားခဲ့သော် ဘဝတံခါးကြီးပိတ်နေလိမ့်မည်။

* ဆရာကြီးဒဂုန်ဦးစန်းငွေ

* စာအုပ်စာပေသည် ငြီးငွေ့နေလျှင် ပျော်ရွှင်စေ၏။ ဗဟုသုတ ပေးဝေ၏။ စိတ်အားငယ်က တက်ကြွစေ၏။ မာန်လွန်ကဲလျှင် သတိနှင့်ယှဉ်၏။ တရားဓမ္မလမ်းညွှန်ပြ၏။ လောကုတ်လောကီ အဆီအနှစ်၊ အသစ်အကောင်း စုပေါင်းပညာ၊ ဝေဖြာရောင်လင်း၊ အမှောင်ခွင်း၏။

* ဆရာကြီးမန်းတင်

* စာအုပ်သည် အကောင်းဆုံးမိတ်ဆွေ၊ စာအုပ်ကို လေ့လာလိုလျှင် စာအုပ်များ စုဝေးသည့် စာကြည့်တိုက်ကို အသုံးပြုရ၏။ ပညာပေါင်းစုံလေ့လာနိုင်သောနေရာဖြစ်သည့် စာကြည့်တိုက်သည် အကောင်းဆုံးတက္ကသိုလ်ဖြစ်။

* ဆရာကြီးဦးသော်ကောင်း

ဤစာရေးသူ၏အမြင်ကို တင်ပြရလျှင် ကျေးရွာတစ်ရွာတွင် စာကြည့်တိုက်တစ်ခု ဖွင့်လှစ်နိုင်ပြီဆိုသည်နှင့် ထိုကျေးရွာရှိ ပြည်သူလူထုအနေဖြင့် အသိပညာ၊ အထွေထွေဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရန် လမ်းစတွေ့ပြီဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် စာအုပ်စာပေသည် လူ့ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲအောင် စွမ်းဆောင်နိုင်သောကြောင့်ဖြစ်၏။

အမှန်ဆိုရလျှင် စာအုပ်ဟူသည် လူတို့ကို အသိပညာပေးရန်နှင့် စိတ်ဖျော်ဖြေမှုပေးရန် အကောင်းဆုံးနှင့် အထိရောက်ဆုံးသော လူထုဆက်သွယ်ရေးကြားခံပစ္စည်းတစ်ခု ဖြစ်သည်။ ထိုကြားခံပစ္စည်းဖြစ်သော စာအုပ်များကို စနစ်တကျနှင့် အရှည်သဖြင့် ထိန်းသိမ်းထားရှိနိုင်မည့်နေရာမှာ စာကြည့်တိုက်များပင်ဖြစ်သည်။

မျက်မှောက်ကာလသည် ရှေးခေတ်နှင့်မတူဘဲ ကြီးပွားရေးလုပ်ငန်းဟူသမျှကို အပြိုင်အဆိုင် လုပ်ကိုင်ဆောင်ရွက်နေကြရသည့် အချိန်ဖြစ်သည်။ ကြီးပွားတိုးတက်ရေးကို အထောက်အကူဖြစ်စေသောစာများကို မဖတ်ပါက သိအပ်သလောက် မသိသဖြင့် ကြီးပွားတိုးတက်ရေးပြိုင်ပွဲတွင် နောက်ကျန်၍ နေရမည်မှာသေချာသည်။

စာပေပညာရှင်တစ်ဦးက "စာဖတ်ခြင်းသည် အသိကိုတိုးစေ၍ မှားသောအစွဲအလမ်းကို ပျောက်ပျက်စေသည်။ စာဖတ်ခြင်း၌ မသိသောအရာဟူသမျှကို သိရန်၊ မှတ်ရန်မဟုတ်ဘဲ အကျိုးများစွာ ယုတ်စေတတ်သော အယူအစွဲအားလုံးကိုပင် ပျောက်စေနိုင်သည်။ ရှေးနည်းတစ်ခုကို ကောင်းသည်ထင်၍ အမြဲပင် အသည်းစွဲမှတ်ထားသူတစ်ယောက်သည် ယခုခေတ်ကာလ 'စာ'ကို ဖတ်သဖြင့် ထိုနည်းလမ်းထက် ကောင်းသော နည်းလမ်းကို ရရှိလျက် တိုးတက်သောအသိကိုရနိုင်လေသည်"ဟု ဆိုထားသည်။

စာဖတ်လျှင် ပင်ကိုဉာဏ်ရရှိနိုင်ပြီး စာမဖတ်လျှင် ပင်ကိုဉာဏ် မရနိုင်ပေ။ ပင်ကိုဉာဏ်မရက မကြီးပွားနိုင်၊ လူသာမန်ဖြစ်ဖို့သာရှိလေသည်။ အမှန်တွင် စာကိုဖတ်တတ်ဖို့ရန် စာဖတ်ခြင်းမဟုတ် တတ်သိလိမ္မာရန် စာဖတ်ခြင်းဖြစ်ပါ၏။ "စာအုပ်စာပေ လူ့မိတ်ဆွေ"၊ "အလိမ္မာ စာမှာရှိ" ဟူသောစကားများသည် စာဖတ်ခြင်း၏ အဖိုးတန်မှုကို မီးမောင်းထိုးပြလျက်ရှိသော ညွှန်းဆိုချက်များပင်ဖြစ်သည်။

ကျွန်တော်တို့သည် ကိုယ်တွေ့ဖြင့် မည်သည့်အလုပ်၊ မည်သည့်အကြောင်းအရာကိုမျှ ကုန်စင်အောင်မသိနိုင်၊ နှစ်ပေါင်းများစွာ ကြုံတွေ့ရရှိခဲ့သော လူပေါင်းများစွာတို့၏ အသိတရားများ၊ အတွေ့အကြုံများ၊ ဉာဏ်ပညာများကို စုစည်းထားသော စာအုပ်စာပေများ ဖတ်ရှုမှသာ လုံလောက်သောအသိပညာကို ရရှိနိုင်မည်ဖြစ်သည်။

လူ၏အသက် သေသည့်တိုင်အောင် ဗဟုသုတ၊ အသိအလိမ္မာကို မိမိတစ်ဦးတည်း၏ ကြိုးပမ်းမှုသက်သက်ဖြင့် ပြည့်စုံအောင်မရနိုင်ပေ။ မိမိ၏ရှေ့မှ ဖြတ်သန်းလာကြသော ပုဂ္ဂိုလ်ကြီးများ၏ အတွေ့အကြုံများ၊ စာပေများကို လေ့လာမှတ်သားမှသာလျှင် အကျိုးရှိသောအသိကို ပြည့်စုံစွာ ရရှိနိုင်မည်ဖြစ်သည်။

စာအုပ်တစ်အုပ်ကိုဖတ်ရန် ရွေးချယ်မည်ဆိုပါက စာရေးဆရာ၏ဘဝ တစ်စွန်းတစ်စကို သိရှိရန်လိုအပ်သကဲ့သို့ ၄င်းရေးသောစာအုပ်ကိုဖတ်လျှင် မိမိအတွက် အသိအလိမ္မာ၊ ဉာဏ်ပညာ လုံလောက်စွာ ရနိုင်၊ မရနိုင် လေ့လာဆန်းစစ်ဖို့လိုပေမည်။ လူမွဲတစ်ဦးက သူဌေးတစ်ဦးဖြစ်နည်း စာအုပ်ကိုရေးလျှင် ထိုစာအုပ်ကိုဖတ်ခြင်းကြောင့် သူဌေးဖြစ်မည် မဟုတ်ပေ။

စာမဖတ်သူတစ်ဦးအဖို့ တိုးတက်ကြီးပွားသည်ဆိုအံ့၊ တစ်ခဏသာ ဖြစ်ပါလိမ့်မည်။ စာဖတ်သူအဖို့မူ သေမှသာ သူ့ဘဝတိုးတက်မှု ရပ်ပေလိမ့်မည်။

ယနေ့အခြေအနေတွင် စာကြည့်တိုက်များသည် ပြည်သူများ၏ လက်တစ်ကမ်းတွင် ရှိနေပြီဖြစ်သည်။ ဖတ်ရှုလေ့လာလိုသော စာအုပ်စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများကို စာကြည့်တိုက်များတွင် ထားရှိပေးထားပြီးဖြစ်သည်။ ပြည်သူများ စာကြည့်တိုက်သို့ သွားရောက်၍ ဖတ်ရှုလိုသော စာပေများကို အချိန်ပေးကာ လေ့လာဖတ်ရှုနိုင်ပေသည်။

ပို၍ဝမ်းမြောက်ဖွယ်ကောင်းသည်မှာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းကို တည်ထောင်ထားပြီးဖြစ်သဖြင့် စာကြည့်တိုက်များ တစ်နေ့တခြား တိုးပွားလာဖို့သာရှိပါ၏။ စေတနာရှင်၊ အလှူရှင်များကလည်း အလှူငွေနှင့် စာအုပ်စာစောင်များကို စေတနာထက်သန်စွာဖြင့် လှူဒါန်းလျက်ရှိကြသည်မှာ ကြည်နူးဝမ်းမြောက်ဖွယ်ကောင်းသည်။ တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ဦးစီး၍ မီဒီယာကော်နာဆိုင်များကို ရန်ကုန်မြို့တွင် ရွေ့ပြေးအနေဖြင့် စမ်းသပ်ဖွင့်လှစ်လိုက်ခြင်းသည်လည်း စာပေဖတ်ရှုလေ့လာသူများအတွက် အားတက်စရာပင် ဖြစ်သည်။

မျက်မှောက်ကာလသည် ပညာခေတ်ဖြစ်သည်နှင့်အညီ စာကြည့်တိုက်များ၊ မီဒီယာကော်နာစာအုပ်ဆိုင်များ တိုးပွားများပြားလာခြင်းသည် ပညာခေတ်၏ စိန်ခေါ်မှုများကို တုံ့ပြန်ဖြည့်ဆည်းလိုက်ခြင်းဖြစ်၍ ပြည်သူများအတွက် အားရကျေနပ်ဖွယ်ကောင်းလှပါ၏။ စာအုပ်စာပေ၏ အဖိုးတန်သော အသီးအပွင့်များကို ပြည်သူများ ဝဝလင်လင် ခံစားကြရတော့မည်ဖြစ်၍ နိုင်ငံသားပြည်သူတစ်ဦးအနေဖြင့် ပီတိသောမနဿဖြစ်ရပါကြောင်း တင်ပြရပါ၏။ ။

စာဖတ်လျှင် ပင်ကိုဉာဏ် ရရှိနိုင်ပြီး စာမဖတ်လျှင် ပင်ကိုဉာဏ် မရနိုင်ပေ။ ပင်ကိုဉာဏ်မရက မကြီးပွားနိုင်၊ လူသာမန်ဖြစ်ဖို့သာရှိလေသည်။ အမှန်တွင် စာကို ဖတ်တတ်ဖို့ရန် စာဖတ်ခြင်းမဟုတ် တတ်သိလိမ္မာရန် စာဖတ်ခြင်းဖြစ်ပါ၏။ "စာအုပ်စာပေ လူ့မိတ်ဆွေ"၊ "အလိမ္မာ စာမှာရှိ" ဟူသော စကားများသည် စာဖတ်ခြင်း၏ အဖိုးတန်မှုကို မီးမောင်းထိုးပြလျက်ရှိသော ညွှန်းဆိုချက်များပင် ဖြစ်သည်။

နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ

ကောင်းမြတ်သူ —— စုစည်းသည်

အသက် ၆၈နှစ်ရှိ ရော့ခ်အဆိုတော် မက်ကာနေး နန်စီရှိုဗယ်လ်နှင့် စေ့စပ်ပြီ

လန်ဒန် မေ ၈

ဘီးတဲလ်တီးဝိုင်း၏ နာမည်ကျော်အဆိုတော်ကြီး ပေါလ်မက်ကာနေးသည် လေးနှစ်နီးပါးကြာချစ်သူဖြစ်ခဲ့သည့် အသက် ၅၁နှစ်အရွယ်ရှိ အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင် နန်စီရှိုဗယ်လ်နှင့် စေ့စပ်လိုက်ပြီဖြစ်သည်။ (အပေါ်ပုံ)

ကွာယ်လွန်

အသက် ၆၈နှစ်ရှိ မက်ကာနေးသည် ယခုလက်ထပ်မည့် နန်စီရှိုဗယ်လ်မှာ တတိယမြောက် ဇနီးဖြစ်လာမည် ဖြစ်သည်။ သူ၏ ပထမဇနီးဖြစ်သည့် လင်ဒါသည် ၁၉၉၈ ခုနှစ်က ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ရော့ခ်အဆိုတော်ကြီး မက်ကာနေးသည် ဒုတိယမြောက်ဇနီး ဖြစ်သည့် ဟီသာမေးလ်အား ၂၀၀၂ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး ၂၀၀၈ ခုနှစ်က ကွာရှင်းပြတ်စဲခဲ့သည်။ မက်ကာနေးနှင့် ရှိုဗယ်လ်တို့သည် ၂၀၀၇ ခုနှစ်က ဟန်ပတန်ကျွန်း၌ စတင်တွေ့ခဲ့ကြသည်။ ရှိုဗယ်လ်သည် လွန်ခဲ့သောအနှစ်၂၀က အမေရိကန်ရှေ့နေ ဘရုစ်ဘလိတ်မန်းနှင့် အိမ်ထောင်ကျခဲ့ဖူးသည်။ (အင်တာနက်)

ပေါ့ပ်အဆိုတော် ချယ်ရီကိုးလ်၏ ဘဝအပိုင်းအစ

လန်ဒန် မေ ၈

ပေါ့ပ်စတား ချယ်ရီကိုးလ် (ယာပုံ)သည် အင်္ဂလန်နှင့် ချယ်လ်ဆီး ဘောလုံးသမား အက်ရှ်လေကိုးလ်နှင့်ဆုံစည်းခဲ့ရာမှ ကမ္ဘာ့ပရိသတ်များအကြား လူသိများခဲ့သည်။ သူတို့နှစ်ဦးသည် ၂၀၀၄ ခုနှစ်က ဆုံစည်းခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က အက်ရှ်လေကိုးလ်သည် အာဆင်နယ်အသင်းတွင် ကစားလျက်ရှိသည်။

၂၀၀၅ ခုနှစ်မှာတော့ သူတို့နှစ်ဦး ဒူဘိုင်းလ်မှအပြန် ခမ်းနားကြီးကျယ်စွာ မင်္ဂလာဆောင်ခဲ့ကြသည်။ ထို့နောက် လန်ဒန်မြို့တွင် နေထိုင်ခဲ့ကြသည်။ ဂျာမနီ၌ ကျင်းပသည့် ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဒေးဗစ်ဘက်ခမ်း၏ဇနီး ဗစ်တိုးရီးယားဘက်ခမ်းနှင့်အတူ အင်္ဂလန်အသင်းကို အားပေးခဲ့သည်။

မွေးဖွား

သို့သော် သူတို့နှစ်ဦး တည်ဆောက်ခဲ့သည့် ချစ်စံအိမ်လေးသည်ရေရှည် မခိုင်မြဲခဲ့ပါ။ ပြီးခဲ့သည့်နှစ် စက်တင်ဘာလက သူတို့နှစ်ဦးသည် သဘောချင်းမညီသဖြင့် အဝေးဆီသို့ကျောခိုင်းကာ လမ်းခွဲလိုက်ကြသည်။ ယခုအခါမှာတော့ ချယ်ရီကိုးလ်တစ်ယောက် အမေရိကန်မှာ အချစ်သစ်ကို ရှာဖွေနေပြီဟု သတင်းများက ဆိုသည်။ ချယ်ရီကိုးလ်ကို တွီးဒိုင်ဟု လူသိများခဲ့ပြီး အင်္ဂလန်နိုင်ငံ နယူးကာဆယ်မြို့မှာ မွေးဖွားခဲ့သည်။ ယခု သူမအသက်မှာ ၂၇ နှစ်ရှိပြီဖြစ်သည်။ သူမသည် အင်္ဂလန်နိုင်ငံ၏ နာမည်ကျော် တေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် Girls Aloud ၏ နာမည်ကြီး ပေါ့ပ်အဆိုတော်ဖြစ်သည်။ သူ့အသက် ၁၉ နှစ်အရွယ်တွင် Girls Aloud တီးဝိုင်းအဖွဲ့ဝင်ဖြစ်လာခဲ့ပြီးနောက် ပရိသတ်များက တွီးဒိုင်ဟု အသိများခဲ့ခြင်းဖြစ်သည်။

တည်ထောင်ထား

ပြီးခဲ့သည့် မေ ၅ ရက်မှာတော့ သူမ၏ ဘဝသည် တစ်ဆစ်ချိုးကွေ့သွားပြန်ပါတော့သည်။ အကြောင်းမှာ သူ့ကို The X Factor ဟု ခေါ်သည့် အမေရိကန် ရုပ်မြင်သံကြား သီချင်းဆိုပြိုင်ပွဲ၏ ဒိုင်အဖွဲ့ဝင်အဖြစ် ခန့်အပ်လိုက်ခြင်းကြောင့်ပင် ဖြစ်သည်။ ထို The X Factor ကို စီမွန်ကောင်းဝဲလ်ဆိုသူက တည်ထောင်ထားခြင်းဖြစ်သည်။ နှစ်စဉ်သီချင်းဆိုပြိုင်ပွဲများ ကျင်းပပြီး ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်းဖြင့် ဒေါ်လာသန်းပေါင်းများစွာ ရရှိနေသောအဖွဲ့ဖြစ်သည်။

မိမိအား The X Factor အဖွဲ့၏ ဒိုင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည့်အတွက် အလွန်ပင် စိတ်လှုပ်ရှားမိကြောင်း၊ လုံးဝဖြစ်လာလိမ့်မည်ဟု မျှော်လင့်မထားမိကြောင်း ချယ်ရီကိုးလ်က ပြောကြားသည်။ (အင်တာနက်)

ကာတီပါရီ၏ E.T တေးအယ်လ်ဘမ် ရောင်းအားအကောင်းဆုံးဖြစ်

နယူးယောက် မေ ၈

ပေါ့ပ်အဆိုတော် ကာတီပါရီ(ယာပုံ)၏ E.T အမည်ရှိ တေးအယ်လ်ဘမ်သည် ဘဲလ်ဘုတ်(Billboard)အရောင်းရဆုံး တေးအယ်လ်ဘမ်စာရင်းတွင် ငါးပတ်ဆက်တိုက်နံပါတ်တစ်အဖြစ် ထိပ်ဆုံးတွင် ရပ်တည်နေသည်။

နာမည်ကျော်အဆိုတော် ဘရစ်တနီစပီးယား၏ Till the World Ends အမည်ရှိ တေးအယ်လ်ဘမ်မှာ နံပါတ်သုံးနေရာတွင်ရှိသည်။ ဗြိတိသျှ အဆိုတော် အဒီလီ၏ Rolling in the Deep အမည်ရှိ တေးအယ်လ်ဘမ်မှာ နံပါတ်နှစ် နေရာ၌ ရှိသည်။ ဘလက်အိုင်းပီးယာ့စ်အဖွဲ့၏ Just Can't Get Enough တေးအယ်လ်ဘမ်က နံပါတ်လေးနေရာသို့ ပြုတ်ကျသွားသည်။ အဆိုတော် ဘရူနိုမားစ်၏ The Lazy Song တေးအယ်လ်ဘမ်မှာ နံပါတ်ငါးအရောင်းရဆုံးနေရာတွင်ရောက်နေသည်။ ထိုအရောင်းရဆုံးတေးအယ်လ်ဘမ်များစာရင်းတွင် အဆိုတော် ရီဟားနား၏ Som၊ ဂျနီဖာလိုပက်ဇ်၏ On the Floor၊ ကေရှား၏ Blow၊ ဂျယ်ရီမင့်၏ Down on Me၊ ခရစ်ဘရောင်း၏ Look at me Now တေးအယ်လ်ဘမ်များလည်း ရောင်းအားကောင်းလျက်ရှိသည်။ (အင်တာနက်)

နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

ဂျက်စီကာအယ်လ်ဘာ ဘဝနှင့်ရုပ်ရှင်

လော့စ်အိန်ဂျလိစ် မေ ၈

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပသည့် မီဒီယာသမားများနှင့်တွေ့ဆုံပွဲတွင် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျက်စီကာအယ်လ်ဘာ(ယာပုံ)က ၂၀၁၀ခုနှစ် ဩဂုတ်လက ရိုက်ကူးခဲ့သည့် Spy Kids ရုပ်ရှင်ဇာတ်ကားတွင် သူမ သရုပ်ဆောင်ခဲ့မှုကို အကြိုက်နှစ်သက်ဆုံးဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့သည့်အနက် Spy Kids ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းများ၌ သရုပ်ဆောင်ရမှုမှာ လွတ်လပ်ပြီး စရိုက်မျိုးစုံသရုပ်ဆောင်ရသဖြင့် စိတ်တိုင်းကျခဲ့သည်ဟု ဂျက်စီကာ အယ်လ်ဘာက ရှင်းပြခဲ့သည်။

ဂျက်စီကာ အယ်လ်ဘာသည် အသက် ၃၀ အရွယ်ရှိပြီး ရုပ်ရှင်လောကသို့ (၁၉၉၄ ခုနှစ်)အသက်၁၃နှစ်အရွယ်မှပင် စတင်ရောက်ရှိခဲ့သူဖြစ်သည်။ Camp Nowhere and The Secret World of Alex Mack ရုပ်ရှင်ဇာတ်ကားတွင် စတင်သရုပ်ဆောင်ခဲ့ပြီးနောက် Dark Angel ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ၌ ခေါင်းဆောင် ရုပ်ရှင်မင်းသမီးအဖြစ် သရုပ်ဆောင်ခဲ့သည်။

အားပေးမှု

အောင်မြင်မှုရရှိခဲ့ပြီး ပရိသတ်အားပေးမှုအရှိဆုံး ရုပ်ရှင်ဇာတ်ကားများမှာ Honey၊ Sin City၊ Fantastic Four၊ Into the Blue၊ Fantastic Four: Rise of the Silver Surfer၊ Good Luck Chuck စသည်တို့ဖြစ်ကြသည်။

ထို့အပြင် ကမ္ဘာပေါ်၌ ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးတစ်ဦးအဖြစ်လည်း ၂၀၀၇ ခုနှစ်က သတ်မှတ်ခံရသူဖြစ်သည်။ အကောင်းဆုံးလူငယ်သရုပ်ဆောင်ဆု၊ Dark Angel ရုပ်ရှင်ဇာတ်ကားဖြင့်ရွှေကမ္ဘာလုံးဆု ရရှိနိုင်သည့် နောက်ဆုံး ဆန်ခါတင်အမည်စာရင်းတွင် ရွေးချယ်ခံထားရသူလည်း ဖြစ်သည်။

လက်ထပ်

အယ်လ်ဘာသည် ၂၀၀၀ပြည့်နှစ် ဇန်နဝါရီလက ရိုက်ကူးခဲ့သည့် Dark Angel ဇာတ်ကားတွင် ပူးတွဲသရုပ်ဆောင်ခဲ့သော ရုပ်ရှင်မင်းသား မိုက်ကယ်ဝယ်သာလေနှင့် ၂၀၀၈ခုနှစ်က လက်ထပ်ခဲ့သည်။ သမီးငယ်တစ်ဦးရှိနေပြီး နောက်ထပ်လည်း ကိုယ်ဝန်ဆောင်ထားလျက်ရှိသည်။ (အင်တာနက်)

မိုးမြင့်လင်းလက် —— စုစည်းသည်

နာမည်ကျော်ရုပ်ရှင်မင်းသား တွမ်ခရုဇ် လူသားချင်းစာနာထောက်ထားမှုဆုရရှိ

လော့စ်အိန်ဂျလိစ် မေ ၈

ဟောလိဝုဒ်ရုပ်ရှင်မင်းသား တွမ်ခရုဇ် (ယာပုံ)သည် တိုရီရန်အမျိုးသားပြတိုက်နှင့် စီရွန်ဝီဆင်တယ်ဌာနမှ ချီးမြှင့်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆုကို လော့စ်အိန်ဂျလိစ်မြို့၌ မေ ၆ ရက်က တက်ရောက်ရယူခဲ့သည်။

ရုပ်ရှင်မင်းသား တွမ်ခရုဇ်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို စိတ်ဝင်စားစွာ လုပ်ဆောင်ခဲ့၍ဖြစ်ကြောင်း ဆုချီးမြှင့်ရေးအဖွဲ့က ပြောကြားသည်။ အသက် ၄၈နှစ်အရွယ်ရှိ တွမ်ခရုဇ်သည် အသက် ၁၉နှစ်အရွယ်ကပင် ရုပ်ရှင်လောကသို့ Risky Business ဇာတ်ကားဖြင့် စတင် ရောက်ရှိခဲ့သူဖြစ်သည်။

ရွှေကမ္ဘာလုံး

သရုပ်ဆောင်၊ ရုပ်ရှင်ထုတ်လုပ်သူ၊ ဇာတ်ညွှန်းရေးသူနှင့်ဒါရိုက်တာအလုပ်များလည်း လုပ်ကိုင်နေသူဖြစ်သည်။ ရွှေကမ္ဘာလုံးဆု သုံးဆုရရှိခဲ့သူဖြစ်သည်။

၎င်း၏ Top Gun၊ Mission: Impossible၊ Days of Thunder၊ Jerry Maguire၊ Vanilla Sky၊ Minority Report၊ The Last Samurai၊ Collateral နှင့် War of the Worlds ဇာတ်ကားများမှာ ပရိသတ်အကြိုက်ဆုံးဖြစ်ခဲ့သည်။

တွမ်ခရုဇ်သည် မီမီရိုဂျာစ်နှင့် ၁၉၈၇ ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ လက်ထပ်ပြီး ကွာရှင်းခဲ့သည်။ တစ်ဖန် နီကိုးလ်ကစ်မင်းနှင့် ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၁ ခုနှစ်အထိ လက်ထပ်ခဲ့ပြီး ကွာရှင်းခဲ့သည်။ ယခုဇနီးသည်မှာ ကိတ်ဟိုလ်မက်စ် (ဝဲပုံ)ဖြစ်ပြီး ၂၀၀၆ ခုနှစ်၌ လက်ထပ်ခဲ့ကာ ယနေ့တိုင် ပေါင်းသင်းလျက်ရှိသည်။ (အင်တာနက်)

မင်းသမီးရိုနန် Hanna ဇာတ်ကားရိုက်မည်

လော့စ်အိန်ဂျလိစ် မေ ၈

ဟောလိဝုဒ်တွင် အောင်မြင်မှုရှိနေသည့် အိုင်ယာလန် ရုပ်ရှင်မင်းသမီးရိုနန်(ဝဲပုံ)သည် မကြာမီအချိန်အတွင်း Hanna အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

သရုပ်ဆောင်ခဲ့

ဒါရိုက်တာ ဂျိုးရိုက် စီစဉ်ရိုက်ကူးမည့် Hanna ရုပ်ရှင်ဇာတ်ကားမှာ ဒရာမာဇာတ်လမ်းဖြစ်ပြီး အမျိုးသမီးငယ်တစ်ဦး၏ ဘဝတွင် ဖြတ်သန်းကြုံတွေ့ခဲ့ရမှုများကို ရင်နင့်ကြေကွဲဖွယ်ရာဖြစ်အောင် ရိုက်ကူးထားခြင်း ဖြစ်သည်။ ရိုနန်မှာ အသက် ၁၇နှစ်အရွယ်သာရှိသေးပြီး အသက် ၁၃ နှစ်အရွယ်ကပင် Atonement ရုပ်ရှင်ဇာတ်ကား၌ ကလေးသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူ ဖြစ်သည်။ ၎င်းရုပ်ရှင်၌ပင် အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆု၊ ရွှေကမ္ဘာလုံးဆုများရရှိခဲ့ရာ အသက်အငယ်ဆုံး သရုပ်ဆောင်မင်းသမီးတစ်ဦးအဖြစ် ဆုရရှိခြင်းပင်ဖြစ်သည်။ ဟောလိဝုဒ်တွင်လည်း အောင်မြင်မှုရရှိခဲ့ပြီး I Could Never Be Your Woman၊ City of Ember၊ The Way Back ရုပ်ရှင်တို့၌ ပရိသတ်များအားပေးမှုရရှိခဲ့သူဖြစ်သည်။ လောလောဆယ်၌ ယောကျ်ားလေးမိတ်ဆွေ မရှိသေးသူဖြစ်သည်။ (အင်တာနက်)

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား



ဆီဗီလာနှင့် ရီးရဲမက်ဒရစ်တို့ ဤသို့ အကြိတ်အနယ်…။

စီရိုနယ်ဒို လေးဂိုးသွင်းဖြိုး ရီးရဲမက်ဒရစ်နိုင်ပွဲရ

မက်ဒရစ် မေ ၈

စပိန်လာလီဂါပွဲစဉ် (၃၅)ကို မေ ၈ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဆီဗီလာနှင့်ရီးရဲမက်ဒရစ်တို့ပွဲတွင် ရီးရဲမက်ဒရစ်က ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဝေးကွင်း၌ကစားရသော်လည်း ရီးရဲမက်ဒရစ်တို့ ခြေစွမ်းပြပြီး ဂိုးမိုးရွာနိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အတွက် ဂိုးများကို ပွဲချိန် ၂၁မိနစ်၌ ရာမို့စ်က တစ်ဂိုးသွင်းခဲ့သည်။ ထို့နောက် စီရိုနယ်ဒိုက ၃၁မိနစ်၊ ၆၅မိနစ်၊ မိနစ်၇၀ နှင့်၇၅မိနစ်တို့၌ တစ်ဦးတည်း လေးဂိုးသွင်းယူပေးခဲ့သည်။ ကာကာက ၄၂မိနစ်၌ တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ ခြောက်ဂိုးရရှိခဲ့ခြင်း ဖြစ်သည်။

ဆီဗီလာအတွက် ချေပဂိုးနှစ်ဂိုးကို ပွဲချိန်၆၁မိနစ်နှင့်၈၄မိနစ်တို့၌ အယ်ဗာရိုနက်ဂရီဒိုက တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ထို့ကြောင့် ရီးရဲမက်ဒရစ်က ခြောက်ဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး စီရိုနယ်ဒိုလည်း ယခုနှစ်လာလီဂါ၌ ၃၃ဂိုးသွင်းကာ မက်ဆီထက်နှစ်ဂိုးအသာဖြင့် ဂိုးအများဆုံး သွင်းထားနိုင်သူဖြစ်လာသည်။

အခြားပွဲရလဒ်များ

ဘီလ်ဘာအို	၃ - ၁	လီဗန်တေး
အက်သလက်တီကိုမက်ဒရစ်	၀ - ၃	မာလာဂါ
ဂီတာဖေး	၂ - ၀	အယ်လ်မီရီးရား
စပို့တင်းဂီဂျွန်	၂ - ၂	ဒီပို့တီဗို
ဗလင်စီယာ	၃ - ၀	ရီးရဲဆိုစီဒက်

(အင်တာနက်)

မန်ယူတို့ နိုင်ပွဲရ ပရီမီယာလိဂ်ဖလား ကိုင်မြှောက်ရန်သေချာနေ ချယ်လ်ဆီးတို့ ချန်ပီယံမျှော်လင့်ချက်များ ပေးမိန်ခဲ့ပြီ

● မောင်ချစ်ကြည် ရေးသားသည် ●

လန်ဒန် မေ ၈

ပရီမီယာလိဂ်ပွဲစဉ် (၃၆)အဖြစ် မန်ယူနှင့် ချယ်လ်ဆီးတို့၏ ပရီမီယာလိဂ်ဖလားရယူရေး အဆုံးအဖြတ်ပွဲသဖွယ်ဖြစ်သည့်ပွဲကို မန်ယူတို့၏ အိုးထရက်ဖို့ဒ်ကွင်း၌ မေ ၈ ရက်က ယှဉ်ပြိုင်ကစားရာ မန်ယူက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မန်ယူတို့ အိမ်ကွင်း၌ အနိုင်ရရှိရေးအတွက် ရွန်နေ၊ ဟာနန်ဒက်ဇ်၊ ဂစ်၊ ပက်ဂျီဆန်တို့အားဖြင့် ပွဲထွက်လာခဲ့သည်။ ပွဲအစ တစ်မိနစ်မှာပင် ကွင်းလယ်မှ ပက်ဂျီဆန် ထိုးပေးလိုက်သည့် ဘောလုံးကို ဟာနန်ဒက်ဇ်က ဂိုးသမားနှင့် တစ်ဦးချင်းအတွေ့၌ ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ အဖွင့်ဂိုးရရှိသွားခဲ့သည်။**(ယာပုံ)**

ထို့နောက် ချယ်လ်ဆီးတို့ ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ မန်ယူ ဂိုးသမား ဗန်ဒါးဆား ကာကွယ်နိုင်မှုများကြောင့် မန်ယူတို့ သက်သာခဲ့ရခြင်းဖြစ်သည်။ မန်ယူအတွက် ဒုတိယဂိုးကို ပွဲချိန် ၂၃ မိနစ်၌ ဘယ်ခြမ်းမှ ဂစ်က ဂိုးရှေ့သို့ အနေတော် တင်ပေးလိုက်သည့် ဘောလုံးကို နောက်ခံလူ ဗီဒစ်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် မန်ယူတို့ ဒုတိယဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်း ပွဲချိန်အတွင်း မန်ယူတို့ အပိုင်ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် ဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။ ပွဲချိန် ၆၈ မိနစ်၌ ချယ်လ်ဆီးကွင်းလယ် ကစားသမားလမ်းပတ်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။

မန်ယူတို့ အပိုင်ဂိုးသွင်းခွင့် အကြိမ်ကြိမ် ရရှိခဲ့သော်လည်း တိုက်စစ်မှူးများ ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့သဖြင့် မန်ယူတို့ နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပရီမီယာလိဂ်



ဖလားကို ကိုင်မြှောက်ရန် သေချာနေပြီ ဖြစ်သည်။

စတုတ်နှင့် အာဆင်နယ်

စတုတ်နှင့် အာဆင်နယ်တို့ပွဲတွင် အိမ်ရှင်စတုတ်တို့က မာမာတင်းတင်း ကစားမှုကြောင့် ပွဲချိန် ၂၈ မိနစ်တွင် ဂျုန်းစ်က အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် မိနစ် ၄၀ ၌ ပင်းနန့်က တစ်ဂိုးသွင်းယူခဲ့မှုကြောင့် စတုတ်တို့ ပထမပိုင်း၌ပင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၈၁ မိနစ်၌ အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီက ဂိုးဧရိယာအတွင်းမှ သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။

သို့သော် ပွဲချိန် ၈၂ မိနစ်၌ စတုတ်မှ ဝေါလ်တာက တစ်ဂိုး သွင်းယူခဲ့သဖြင့် စတုတ်တို့ အိမ်ကွင်း၌ သုံးဂိုး ရရှိခဲ့သည်။ ထို့ကြောင့် အာဆင်နယ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး နည်းပြအာစင်ဝင်းဂါး မျက်နှာပျက်စရာဖြစ်ခဲ့ရသည်။

ဝုလ်ဗာနှင့် ဝက်စ်ဘရွန်း

ဝုလ်ဗာဟမ်တမ်တို့ အိမ်ကွင်း၌ ခြေစွမ်းပြပြီး ဂိုးများသွင်းယူနိုင်ခဲ့သည်။ ဝုလ်ဗာအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၅ မိနစ်၌ ဖလက်ချာက သွင်းယူပေးခဲ့သည်။ ဝုလ်ဗာတို့ ဆက်တိုက်ထိုးဖောက် ကစားခဲ့ရာ ၂၈ မိနစ်၌ ဗွီဒီရီရာက ဂိုးသွင်းယူခဲ့သဖြင့် ဝုလ်ဗာတို့ နှစ်ဂိုးရရှိခဲ့သည်။

၄၇ မိနစ်၌ ဖလက်ချာကပင် တစ်ဂိုး ထပ်မံသွင်းယူခဲ့သဖြင့် ဝုလ်ဗာတို့ သုံးဂိုးရရှိခဲ့ခြင်း ဖြစ်သည်။ ဝက်စ်ဘရွန်းအတွက် ချေပဂိုးကို ပွဲချိန် ၅၅ မိနစ်၌ ပယ်နယ်တီမှတစ်ဆင့် အိုဒမ်ဝင်ဂီက သွင်းယူပေးခဲ့သော်လည်း ဝုလ်ဗာတို့သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ချန်ပီယံခါးပတ် ပက်ကွီုင်အော ထိုးသတ်ကာကွယ်

မြင့်မောင်စိုး စုစည်းသည်

လက်စ်ဗီးဂတ်စ် မေ ၈

ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွီုင်အောနှင့် အမေရိကန် လက်ဝှေ့သမား ရှိန်းမော့စ်လေတို့ **(အောက်ပုံ)** သည် မေ ၇ ရက်က အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့၌ ဒဗလျူဘီအို ဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

ပက်ကွီုင်အောက ရှိန်းမော့စ်လေအား တစ်ချိန်လုံး ဖိထိုးခဲ့ပြီး ဒိုင်လူကြီးသုံးဦးစလုံးက ပက်ကွီုင်အောအား အမှတ်ဖြင့် အနိုင်ပေးလိုက်သည်။ ပွဲမတိုင်မီက အလဲထိုးမည်ဟု ကြွေးကြော်ခဲ့သော မော့စ်လေသည် တတိယအချီတွင် ပက်ကွီုင်အော၏ အလဲထိုးမှုကို ခံလိုက်ရသည်။ ပက်ကွီုင်အောသည် အမေရိကန် လက်ဝှေ့သမားအား ပထမဆုံး အလဲထိုးနိုင်သူဖြစ်လာသည်။ သို့သော် ပွဲချီအပြည့် ထိုးခဲ့ကြသည်။

ကာကွယ်နိုင်ခဲ့

အသက် ၃၂ နှစ်အရွယ်ရှိ ပက်ကွီုင်အောသည် အသက် ၃၉ နှစ်အရွယ်ရှိ ရှိန်းမော့စ်လေအား အမှတ်နှင့် အနိုင်ရလိုက်သဖြင့် ၄င်း၏ ဒဗလျူဘီအို ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။ **(အင်တာနက်)**

ချန်ပီယံရှစ်ဆုဖလား ကျူပီအာအသင်းဆွတ်ခူး

လန်ဒန် မေ ၈

ကျူပီအာအသင်းနှင့် လိဒ်အသင်းတို့သည် မေ ၇ ရက် ညပိုင်းက အင်္ဂလန်ချန်ပီယံရှစ်နောက်ဆုံးပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ကျူပီအာက နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

သွင်းယူ

သို့သော် ပွဲစပြီး တစ်မိနစ်မှာပင် ကျူပီအာအသင်းအတွက် အဖွင့်ဂိုးကို ဟယ်ဂူဆင်ကသွင်းယူခဲ့သည်။ ယင်းဂိုးကို လိဒ်ကစားသမားဂရာဒယ်က ပွဲချိန် ၃၈ မိနစ်တွင် ပြန်လည်ချေပခဲ့သည်။ လိဒ်ကစားသမားများ တိုက်စစ်အရှိန်မြှင့်ကစားခဲ့ရာ ပွဲချိန် ၆၈ မိနစ်တွင် အနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

သရေပွဲဖြစ်

ကျူပီအာတို့ ယင်းပွဲ ရှုံးနိမ့်ခဲ့သော်လည်း ရမှတ် ၈၈ မှတ်ဖြင့် ချန်ပီယံဖလားဆွတ်ခူးနိုင်ခဲ့သည်။ **(ဝဲပုံ)** ၄င်း၏နောက်မှ နော့ဝှစ်နှင့် ဆွမ်ဆီးတို့က ရမှတ် ၈၄ မှတ်ဖြင့် ရပ်တည်နိုင်ခဲ့ပြီး ပရီမီယာလိဂ်သို့ တန်းတက်လာသည်။ ထိုနေ့က နော့ဝှစ်အသင်းနှင့် ကိုဗင်ထရီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ **(အင်တာနက်)**

အီတလီစီးရီးအေ ချန်ပီယံ အေစီမီလန်အသင်းဖြစ်ပြီ

ရောမ မေ ၈

အီတလီစီးရီးအေ ပွဲစဉ် (၃၆) ပြိုင်ပွဲများကို မေ ၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အေစီမီလန်အသင်းက ရိုးမားအသင်းနှင့် ကစားရာတွင် ဂိုးမရှိ သရေကျပြီး စီးရီးအေချန်ပီယံဆုဖလား ဆွတ်ခူးသွားသည်။

အေစီမီလန်အသင်းအနေဖြင့် ၂၀၀၄ ခုနှစ်နောက်ပိုင်း ပထမဆုံးသော စီးရီးအေချန်ပီယံပြန်ဖြစ်လာခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီး အေစီမီလန်ကစားသမားများနှင့် မန်နေဂျာများ အောင်ပွဲခံခဲ့ကြသည်။ **(အပေါ်ပုံ)**

အေစီမီလန်တို့ လက်ကျန်ပွဲနှစ်ပွဲကစားရန် ကျန်ရှိနေသေးသော်လည်း ပွဲစဉ် (၃၆) အပြီး ရမှတ် ၇၈ မှတ်ဖြင့် ချန်ပီယံဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက်အင်တာမီလန်အသင်းမှာ လက်ကျန်ပွဲ သုံးပွဲကစားရန် ရှိသေးသည်။ သို့သော် ရမှတ် ၆၉ မှတ်ရထားသည်။ အေစီမီလန်က ကိုးမှတ်အသာရထားသဖြင့် ပွဲမကုန်မီ ဖလားဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။

အေစီမီလန်၏ အောင်ပွဲသည် အင်တာမီလန်အသင်းအား ငါးနှစ်ဆက်တိုက် စီးရီးအေချန်ပီယံဖြစ်ခွင့်ကို အဆုံးသတ်စေခဲ့သည်။ နည်းပြအော်လီဂရီ ၂၀၁၀ ပြည့်နှစ် ဧပြီလက ကက်ဂလီရာရီအသင်းမှ ပြောင်းလာပြီးနောက် ပထမဆုံးဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ယင်းဖလားမှာ အေစီမီလန်အသင်း၏ ၁၈ လုံးမြောက် စီးရီးအေဖလားဖြစ်သည်။ **(အင်တာနက်)**

ကျေးလက်ကျန်းမာရေးဌာန လွှဲပြောင်းပေးအပ်ပွဲကျင်းပ

နေပြည်တော် မေ ၈

မန္တလေးတိုင်းဒေသကြီး၌ ခုတင်(၈၀၀)ဆေးရုံ တစ်ရုံ ၊ ခုတင်(၇၀၀) ဆေးရုံ တစ်ရုံ၊ ခုတင်(၅၅၀) ဆေးရုံ တစ်ရုံ၊ ခုတင်(၃၀၀) ဆေးရုံ လေးရုံ၊ ခုတင်(၂၀၀) ဆေးရုံခြောက်ရုံ ၊ခုတင်(၁၅၀) ဆေးရုံ တစ်ရုံ ၊ခုတင်(၁၀၀) ဆေးရုံ လေးရုံ၊ ခုတင်(၅၀) ဆေးရုံ ၁၀ရုံ၊ (၂၅)ခုတင် ဆေးရုံ၁၅ရုံ၊ (၁၆-ခုတင်) ဆေးရုံ သုံးရုံ၊ တိုက်နယ်ဆေးရုံ(၁၆-ခုတင်) ၄၁ရုံ၊ ဒေသန္တရကျန်းမာရေးဌာန ခုနစ်ခု၊ ကျောင်းကျန်းမာရေးဌာန ၁၂ခု၊မိခင်နှင့်ကလေးကျန်းမာရေးဌာန ၃၇ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၂၇ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၇၂ခု၊ ဒေသန္တရကျန်းမာရေးဌာနခွဲ ကိုးခု၊ တိုင်းရင်းဆေးကုဌာန ၂၃ခု တို့ကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

တက်ရောက်

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်တွင်ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားရေးအတွက် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်လျက်ရှိရာပြည်သူလူထုက အားတက်သရော ပါဝင်လှူဒါန်း ကူညီလျက်ရှိသည်။ ယခုထပ်မံ၍ လှူဒါန်းမှုများ ဆက်လက်ပြုလုပ်လျက်ရှိရာ မေ ၅ ရက် နံနက် ၈နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ရေနံ့သာကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဥပစာရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံသစ်နှင့် နံ့သာဦးစာကြည့်တိုက် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင် ဦးတိုင်းဝင်းက ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လည်းကောင်း၊ အလှူရှင် ဒေါ်ဝင်းလှိုင်က နံ့သာဦး စာကြည့်တိုက် အဆောက်အအုံသစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လည်းကောင်း၊ အလှူရှင် ဦးတိုင်းဝင်း၊ ဒေါ်ဆန်းဆန်းတို့က ဆင်းရဲနွမ်းပါး လူနာများ အခမဲ့ဆေးကုသနိုင်ရေးအတွက် ကျေးရွာဆေးပဒေသာပင် မတည်ငွေကျပ်သိန်း ၇၀ကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ဂုဏ်ပြုမှတ်တမ်း

ထို့နောက် တိုင်းဒေသကြီး ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသန်းစိုးမြင့်တို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အလှူရှင်နှင့် မြို့နယ်ဆရာဝန်ကြီးတို့က ရေနံ့သာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့် "နံ့သာဦး" စာကြည့်တိုက်အတွင်း ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးသိန်းအောင် စက္ကူစက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၈

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်သည် မေ ၆ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ ရေနီအမှတ်(၂)စက္ကူစက်ရုံ တန် ၅၀ သတင်းစာပျော့ဖတ်နှင့် တန် ၈၀ ထုပ်ပိုးစက္ကူစက်ရုံ(ရေနီ) တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်များကြဲခိုင်မှု အခြေအနေနှင့် ကုန်ကြမ်းသစ်ဝါးများ စနစ်တကျသိုလှောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MFF CUP 2011 ရှုံး/ထွက်ပြိုင်ပွဲ ပွဲစဉ်မဲနှိုက်

ရန်ကုန် မေ ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် MFF CUP 2011 ရှုံး/ထွက်ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို မေ ၆ ရက် မွန်းလွဲ ၂ နာရီက အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မေ ၂၅ ရက်တွင် စတင်ကျင်းပမည့် MFF CUP 2011 ရှုံး/ထွက်ဖလားဘောလုံးပြိုင်ပွဲကို MNL အသင်း ၁၂ သင်း၊ အပျော်တမ်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးလေးသင်း စုစုပေါင်း ၁၆ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ပထမအဆင့် ရှုံး/ထွက် ပွဲစဉ်များကို မေ ၂၅ ရက်၊ ဇွန် ၁၊ ၈၊ ၁၅၊ ၁၆ ရက်များတွင်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၇၊ ၂၄ ရက်များတွင်လည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၂၁ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲကျင်းပမည့်ရက်ကိုမူ မသတ်မှတ်ရသေးကြောင်း သိရှိရသည်။

MFF CUP ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(ပထမအဆင့်)

ပွဲစဉ်(၁)	၂၅-၅-၂၀၁၁	အပျော်တမ်းအဆင့်(၄)	-	အပျော်တမ်းအဆင့်(၁)	သုဝဏ္ဏကွင်း
ပွဲစဉ်(၂)	၂၅-၅-၂၀၁၁	ဧရာဝတီယူနိုက်တက်	-	ရတနာပုံ	အောင်ဆန်းကွင်း
ပွဲစဉ်(၃)	၁-၆-၂၀၁၁	Southern Myanmar	-	နေပြည်တော်	သုဝဏ္ဏကွင်း
ပွဲစဉ်(၄)	၁-၆-၂၀၁၁	ဉဿာယူနိုက်တက်	-	ရန်ကုန်ယူနိုက်တက်	အောင်ဆန်းကွင်း
ပွဲစဉ်(၅)	၈-၆-၂၀၁၁	ကမ္ဘောဇ	-	မနောမြေ	သုဝဏ္ဏကွင်း
ပွဲစဉ်(၆)	၈-၆-၂၀၁၁	အပျော်တမ်းအဆင့်(၃)	-	မကွေး	အောင်ဆန်းကွင်း
ပွဲစဉ်(၇)	၁၅-၆-၂၀၁၁	ဇေယျာရွှေမြေ	-	အပျော်တမ်းအဆင့်(၂)	သုဝဏ္ဏကွင်း
ပွဲစဉ်(၈)	၁၆-၆-၂၀၁၁	ရက္ခပူရယူနိုက်တက်	-	ဇွဲကပင်ယူနိုက်တက်	သုဝဏ္ဏကွင်း
		(ကွာတားဖိုင်နယ်)			
ပွဲစဉ်(၉)	၁၇-၈-၂၀၁၁	ပွဲစဉ်(၁)နိုင်	-	ပွဲစဉ်(၃)နိုင်	သုဝဏ္ဏကွင်း
ပွဲစဉ်(၁၀)	၁၇-၈-၂၀၁၁	ပွဲစဉ်(၂)နိုင်	-	ပွဲစဉ်(၄)နိုင်	အောင်ဆန်းကွင်း
ပွဲစဉ်(၁၁)	၂၄-၈-၂၀၁၁	ပွဲစဉ်(၅)နိုင်	-	ပွဲစဉ်(၇)နိုင်	သုဝဏ္ဏကွင်း
ပွဲစဉ်(၁၂)	၂၄-၈-၂၀၁၁	ပွဲစဉ်(၆)နိုင်	-	ပွဲစဉ်(၈)နိုင်	အောင်ဆန်းကွင်း
		(ဆီမီးဖိုင်နယ်)			
ပွဲစဉ်(၁၃)	၂၁-၉-၂၀၁၁	ပွဲစဉ်(၉)နိုင်	-	ပွဲစဉ်(၁၁)နိုင်	သုဝဏ္ဏကွင်း
ပွဲစဉ်(၁၄)	၂၁-၉-၂၀၁၁	ပွဲစဉ်(၁၀)နိုင်	-	ပွဲစဉ်(၁၂)နိုင်	အောင်ဆန်းကွင်း
		(ဗိုလ်လုပွဲ)			
ပွဲစဉ်(၁၅)	မသတ်မှတ်ရသေး	ပွဲစဉ်(၁၃)နိုင်	-	ပွဲစဉ်(၁၄)နိုင်	သုဝဏ္ဏကွင်း

(မြန်မာ့အလင်း)

ကိုးပင်-သာဂရ ရိုးမဖြတ်ကျော်လမ်း မြေကြီးတာပေါင်ဖို့ခြင်းလုပ်ငန်းဆောင်ရွက်

ရန်ကုန် မေ ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မေ ၆ ရက်တွင် ကိုးပင်-သာဂရ ရိုးမဖြတ်ကျော်လမ်း မိုင်တိုင်အမှတ်(၂၀/၁) ၌ ကျောက်ခင်းကြိတ်နေမှု၊ မိုင်တိုင်အမှတ် (၇၈/၀) ၌ မြေကြီးတာပေါင်ဖို့၍ စက်ယန္တရားများဖြင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကိုးပင်-အောင်လံ-ပြည်လမ်း၊ B.O.T လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကာ ညပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်ခရိုင်ရုံး၌ ခရိုင်နှင့်မြို့နယ်များမှ ဝန်ထမ်းများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြီးကြပ်ဆောင်ရွက်

ဝေါမြို့နယ် ဘိုးဘုံရပ်ကွက် ဈေးကြားလမ်း ကတ္တရာလမ်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ပြည်သူတို့ ပူးပေါင်းပြုပြင်ခြင်းကို မေ ၃ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

မြန်မာ့အလင်း စာတည်းထံပေးစာများ

လောင်စာဆီဆိုင်ကြောင့် မီးဘေးစိုးရိမ်

စာတည်းရှင့် -

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက် မြို့ပတ်လမ်းနှင့် လမ်းသွယ် ၁၆ လမ်းတို့၌ လောင်စာဆီများ သိုလှောင်ရောင်းချခြင်းကြောင့် မီးဘေးစိုးရိမ်နေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးကြောက်သူ

ကားဘော်ဒီထုသံ ဆူညံလွန်း

စာတည်းခင်ဗျား -

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် မြဟ္မစိုရ်လမ်းရှိ အိမ်တစ်အိမ်တွင် ကားဘော်ဒီရုံ လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ၎င်းရုံမှ ထုရိုက်သော ဆူညံသံများနှင့်ဆေးမှုတ်သည့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ရပ်ကွက်အတွင်းနေထိုင်သူများ ကျန်းမာရေးထိခိုက်ကာ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါ ကားဘော်ဒီရုံအား သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

(၆)ရပ်ကွက်သား

သစ်ခွဲစက်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရ

စာတည်းရှင့် -

ဖျာပုံမြို့ (၈)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့်နီလာလမ်းထောင့်ရှိ သစ်အရောင်းဆိုင်မှာ မိုးလင်းမှမိုးချုပ်အထိ မီးစက်ကြီးမောင်းပြီး သစ်များခွဲခြင်း၊ ရွှေပေါ် ထိုးခြင်းတို့ကြောင့် မီးစက်သံ၊ သစ်ခွဲသံနှင့် ရွှေပေါ်ထိုးသံတို့ ဆူညံကာ ပတ်ဝန်းကျင်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင် ရာမှ လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

ကျူးကျော်ပျံ့ကျဈေး ပြောင်းရွှေ့ပေးပါ

စာတည်းရှင့် -

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁)အနော်မာရပ်ကွက် ရွှေမေတ္တာလမ်းတွင် အတွင်း၊အပြင်ပိတ်၍ ကျူးကျော်ပျံ့ကျဈေး ရောင်းချနေသောကြောင့် လမ်းပိတ်ဆို့ပြီး သွားလာရေးခက်ခဲနေပါသဖြင့် အဆိုပါ ကျူးကျော်ပျံ့ကျဈေးကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူတစ်ဦး

ဆန်စက်အား ကြပ်မတ်ဆောင်ရွက်ပြီးဖြစ်

၁၄-၃-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ကျိုက်လတ်မြို့ အမှတ် (၆)ရပ်ကွက် မင်းရဲကျော်စွာလမ်းနှင့် ပေ ၁၀၀ခန့်အကွာရှိ စပါးခွံဓာတ်ငွေ့သုံး ဆန်စက်ရုံမှ ထွက်ရှိသော ရေဆိုးနှင့်ညှော်နံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်**ရပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာ ကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ထိမ်းမြားမင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးစိုးသိန်း(ငြိမ်း)-ဒေါ်ဖြူဖြူဝင်းတို့၏သား

ဒေါက်တာကျော်ထက်

M.B.,B.S(Ygn), M.Med.Sc(Surgery)
Assistant Lecturer, Department of Surgery, University of Medicine(Mgy)

နှင့်

ရန်ကုန်မြို့နေ
ဦးခင်မောင်ဝင်း-ဒေါ်ဝင်းဝင်းတင့်တို့၏သမီး

မလဲ့ရည်ဝင်း

3rd Year(Philosophy)

တို့၏ ၁၁-၄-၂၀၁၁ရက်(တနင်္လာနေ့)တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး(ငြိမ်း) ဦးမြင့်အောင်၊ တရားရုံးချုပ်(မန္တလေး)နှင့် ဇနီး ဒေါ်လှလှသန်းအားလည်းကောင်း၊ ၁၃-၄-၂၀၁၁ရက်(ဗုဒ္ဓဟူးနေ့)တွင် မိုးကုတ်ဝိပဿနာဘုရားလေးကျောင်း(ကံဘဲ့)၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းကျွေးအလှူသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၈-၅-၂၀၁၁ ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel(Grand Ballroom)၌ ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)နှင့် ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော မကွေးဆေးတက္ကသိုလ်ခွဲစိတ်ကုပညာဌာနမှ ပါမောက္ခဌာနမှူး ဦးအေးမွန်နှင့် ဇနီး ဒေါ်ချိုချိုမြင့်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သူငယ်ချင်းမိတ်သင်္ဂဟများ၊ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော သမီးလေးဆုဇင်နိုင်၊ မင်္ဂလာစံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မသက်မာဦးနှင့် မမေသူထက်၊ သတို့သားအရံ မောင်ခွန်စိုးလွင်ဦးနှင့် မောင်အောင်တင်ထွန်း၊ သတို့သမီးအရံ မချစ်ဆုဝေနှင့် မသဲဟေမာန်မောင်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ဒေါ်ဟေမာနေဝင်း၊ မေတ္တာဖြင့်လက်ဝတ်ရတနာများဆင်မြန်းပေးပါသော ဦးရန်အောင်-ဒေါ်ရင်ရွှေ(New Star)စိန်ရွှေရတနာဆိုင်အားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော ခင်မောင်ဝင်း၊ မင်္ဂလာဝတ်စုံအား ဖန်တီးပေးပါသော ကိုပြည်စိုးအောင်တို့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးပါသော မိတ်ကပ်ခင်စန်းဝင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော 7 Picture အဖွဲ့အားလည်းကောင်း၊ မေတ္တာဖြင့် ဓာတ်ပုံရိုက်ပေးပါသော ချယ်ရီဓာတ်ပုံတိုက်(ပြင်ဦးလွင်)အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာကျော်ထက်-မလဲ့ရည်ဝင်း။

စာအုပ်စာပေလူ့မိတ်ဆွေ

အမည်ပြောင်း
ဦးဇော်ဦး ၇/သနပ(နိုင်)၀၅၄၀၂၂ ၏သမီး သနပ်ပင်မြို့ အထက သတ္တမတန်း(A)မှ မကျော့ကေခိုင်အား ယနေ့မှစ၍ မကျော့ကေနိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မကျော့ကေနိုင်။**

ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူ မြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်းကျောင်း

အမှတ်(၂၄၉)၊ ပထမထပ်၊ ဗားဂရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်
(မြေနီကုန်း ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၃၂၂၇၉၊

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။
- သင်တန်းတက်ပြီး အလုပ်လုပ်ချင်သူများအတွက် ဝန်ဆောင်ခပေးစရာမလိုဘဲ အလုပ်ရစေရမည်။
- ပြည်တွင်း၊ ပြည်ပ သုံး၍ရသော သင်တန်းဆင်းအောင်လက်မှတ် ထုတ်ပေးမည်။
- ၁၅ယောက်သာဆံ့သော နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်း ကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။ သင့်တင့်မျှတသော နှုန်းထားသာ ယူသည်။

“အောင်”ပြီး**“ချမ်းမြေ့”**မှုတွေရရှိရန် **“အောင်ချမ်းမြေ့”**ကို လာခဲ့ပါ။

*** နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူဝင်လုပ်ရန်အတွက်**

(I) **တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)**

အပတ်စဉ် (၁၆၃၂) ၁၆-၅-၂၀၁၁ရက် စမည်။ (စနေနှင့် တနင်္ဂနွေနားရက်)
အပတ်စဉ် (၁၆၃၃) ၁၈-၅-၂၀၁၁ရက် စမည်။ (စနေနှင့် တနင်္ဂနွေနားရက်)
အပတ်စဉ် (၁၆၃၄) ၁၉-၅-၂၀၁၁ရက် စမည်။ (စနေနှင့် တနင်္ဂနွေနားရက်)

(II) **နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)**

အပတ်စဉ် (၁၆၃၅) ၁၉-၅-၂၀၁၁ရက် စမည်။ (ကြာသပတေးနှင့် သောကြာသင်)
အပတ်စဉ် (၁၆၃၆) ၂၁-၅-၂၀၁၁ရက် စမည်။(စနေနှင့် တနင်္ဂနွေသင်)

(III) **သုံးလပြတ်အထူးသင်တန်းများ (တစ်ပတ်တစ်ရက်သင်)**

အပတ်စဉ် (၁၆၃၇) ၂၁-၅-၂၀၁၁ရက် စမည်။ (စနေတစ်ရက်တည်း)
အပတ်စဉ် (၁၆၃၈) ၂၂-၅-၂၀၁၁ရက်စမည်။ (တနင်္ဂနွေတစ်ရက်တည်း)

အထက်ဖော်ပြပါ လပြတ်သင်တန်းများအတွက်
သင်ကြားနိုင်သည့်အချိန်များ

(I)	7:30 am	to	9:30 am	(၁၅) ဦး
(II)	9:30 am	to	11:30 am	(၁၅) ဦး
(III)	12:30 pm	to	2:30 pm	(၁၅) ဦး
(IV)	1:30 pm	to	3:30 pm	(၁၅) ဦး
(V)	5:30 pm	to	7:30 pm	(၁၅) ဦး

နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှု ဒီပလိုမာသင်တန်းများ
(I) **သုံးလ၊** (II) **ခြောက်လ၊** (III) **တစ်နှစ်ဒီပလိုမာသင်တန်းများ**
(တစ်ပတ်ငါးရက်သင်)

အပတ်စဉ် (၁၆၃၉) ၁၈-၅-၂၀၁၁ရက် စမည်။ (စနေနှင့် တနင်္ဂနွေ နားရက်)
09:30 am to 03:30 pm (၁၅) ဦး

*** သားဖွားမီးယပ် (၃)လ ဒီပလိုမာ ***

အပတ်စဉ် (၁၆၄၀) ၁၆-၅-၂၀၁၁ရက် စမည်။ (တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး)
09:00 am to 12:00 pm (၁၅) ဦး

မှတ်ချက် ။ ။ **အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မျှ သင်တန်းခွဲမရှိပါ။**
(Open 6:00 am to 7:00 pm) ပိတ်ရက်မရှိပါ။
http://www. acmnursing training. com

[illegible] ရသာစာပေမဂ္ဂဇင်းလေးကို
တစ်လထက်တစ်လ ပိုမိုကောင်းလာအောင်
အယ်ဒီတာတစ်ဖွဲ့လုံး အစွမ်းရှိသမျှ
ကြိုးစားအားထုတ်နေကြပါတယ်။
အထွက်နောက်ကျတာလေးကိုတော့
နည်းနည်းသည်းခံပေးပါနော်။
[illegible]
အယ်ဒီတာအဖွဲ့

လူပျောက်ကြော်ငြာ

ကျောက်တော်မြို့နယ်၊ အလယ်ကျွန်းအုပ်စု၊ အလယ်ကျွန်းကျေးရွာနေ အဖ ဦးအောင်ထွန်းလှ၏သား မောင်ကျော်နိုင်စိုးသည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်သစ္စာလမ်း ရှေ့ (၂) လမ်း၊ အမှတ် ၈၇၇နေ မောင်လှစိန်မောင် မှတ်ပုံတင်အမှတ် ၁၁/စတန(နိုင်)၀၇၄၁၉၂ ကိုင်ဆောင်သူနေအိမ်တွင် ပညာသင်ကြားလျက်ရှိရာမှ ၁၃-၄-၂၀၁၁ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ လက်ခံဖြားယောင်း သွေးဆောင်ထားသူများ ဥပဒေအရအရေးယူမည်။ မောင်ကျော်နိုင်စိုးသည် အသက် (၁၇)နှစ်အရွယ်ရှိပြီး အသားမည်း၊ အရပ်ရှည်၊ မြန်မာစကား မလည်ဝယ်သူ၊ ဆံပင်ဖြောင့်၊ နားရွက်သေး၊ မျက်လုံးနက်၊ နှာတံအသင့်အတင့်ဖြစ်ပါသည်။ **အုပ်ထိန်းသူ-ဦးအောင်ထွန်းလှ ၁၂/ကတန(နိုင်)၁၂၉၂၁၄ ဖုန်း-၀၉-၄၉၆၇၀၆၁၂၊ ၀၉-၅၄၀၇၆၅၆၊ ၀၉-၄၉၂၉၇၀၈၅။**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ မီးစက်လမ်းနေ ဦးတင်စိန် ၁၄/ဇလန(နိုင်)၀၄၁၄၆၁-ဒေါ်ခင်ဝင်း ၁၄/ဇလန(နိုင်)၀၄၁၄၈၁ တို့၏သမီး မတင်မာကြည် ၁၂/တကန(နိုင်)၀၇၈၉၂၅သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ ၎င်း၏စိတ်ဆန္ဒအလျောက် ပြုမူနေထိုင်ပါသဖြင့် ၎င်းအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူမည်မဟုတ်ပါ။
ဦးတင်စိန်
ဒေါ်ခင်ဝင်း။

အမှားပြင်ဆင်ခြင်း

၈-၅-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၈)တွင်ပါရှိသော ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဦးကျော်မျိုးလင်း၁၂/နကတ(နိုင်)၀၀၁၀၈၆ အစား ဦးကျော်မျိုးလင်း ၁၂/ဥကတ(နိုင်)၀၀၁၀၈၆ နှင့် ဦးသိန်းလွင် ၁၂/မရက(နိုင်)၀၃၂၆၆၁အစား ဦးသိန်းလွင် ၁၂/ကမရ(နိုင်)၀၃၂၆၆၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သင့်သွေးဖြင့် အသက်ကယ်ပါ

လမ်းမတော်မြို့နယ် လမ်းမတော်လမ်း အမှတ် ၉၅ (ဘီ)နေ သား ဦးမင်းရောင်-ဒေါ်ခင်ရီ၊ သားဦးစိန်လွင်-ဒေါ်ခင်စန်းဝေ မိသားစုတို့က (ဦးဘွန်ယု-ဒေါ်ဘော်သန်း)၊ (ဦးရှောင်ငါး-ဒေါ်ဘော်ဂုါး)တို့အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၅သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် သူနာပြုအုပ် ဒေါ်မြင့်မေတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် မှန်ချိုဆေးစွမ်းကောင်းများ ဝယ်ယူသူများဖြင့် စည်ကား

ရန်ကုန် မေ ၈

မည်သို့သော အနောက်တိုင်းဆေးများ အစွမ်းထက်ပါစေ မြန်မာ့တိုင်းရင်းဆေးကိုမှ ယုံကြည်အားထားသုံးစွဲလိုသူများအနေဖြင့် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမအတွင်း ပြသလျက်ရှိသော မြန်မာ့ဆေးစွမ်းကောင်းများ ပြသရောင်းချပွဲတွင် လေ့လာဝယ်ယူလျက်ရှိရာ ထိုအထဲမှ မှန်ချိုသမားတော်ကြီး ဦးလှရွှေ-ဆရာမဒေါ်တင်နွယ်ဦးတို့၏ မှန်ချိုဆေးတိုက်မှ ထုတ်လုပ်သော ဆေးဝါးများပြခန်းတွင်လည်း ဝယ်ယူသူများဖြင့်စည်ကားလျက်ရှိသည်။ **(အပေါ်ပုံ)**

ထုတ်လုပ်

မှန်ချိုဆေးတိုက်မှ ထုတ်လုပ်သော မှန်ချိုသလိပ်ပျော် အသံကောင်းဆေး၊ ဒဏ်ကျေလိမ်းဆေး၊ ဆီးပူဝမ်းပုပ်ကျ၊ မှန်ချို ဆီးရွှင်ဝမ်းမှန်ဆေး၊ မြစ်ပွားနာပျောက်ဆေး၊ သောက်လိမ်းရှူ စွယ်စုံရဆေးဝိဇ္ဇာ ငန်းမန်းဆေး၊ အနာကျက်ဆေး၊ အစာအိမ်နာပျောက်ဆေး၊ အပူကျအခိုးပွင့်ငန်းဆေး၊ အကြောအားတိုးဆေး၊ အပူငြိမ်းအေးသွေးဆေး၊ ဆီးချိုသွေးချိုသွေးတိုးကျဆေး၊ အသားအရေလှပျော့ဆေး၊ ပန်းနာရင်ကျပ်ပျောက်ဆေး၊ မီးယပ်သွေးပေါ်ဆေး၊ လေနိုင်လျက်ဆား၊ ပတ္တမြားရတနာအမောပြေအားတိုးဆေး၊ လိပ်ခေါင်းပျောက်ဆေး၊ အကျိတ်ကြေအုံလိမ်းဆေး၊ လေးဖက်နာပျောက်ဆေး၊ နှလုံးအားတိုးဆေး၊ အစာကြေလေသက်ဆေး၊ ရွှေပြည်စံနန်းတွင်း အဖြေကျော်ဆေး၊ အုံ့ဖွယ်ဇက်ကြောတက် ခေါင်းကိုက်ပျောက်ဆေး၊ အုံ့ဖွယ်လင်ဇီးဒဏ်ကျေလိမ်းဆေး၊ ကမ္ဘာ့ဟိန်းတောရှောက်ပေါင်း လေနိုင်ဆေးများကို ပြပွဲတွင် ပြသထားသည်။

မှန်ချိုဆေးစွမ်းကောင်းများ သုံးစွဲလိုသူများအနေဖြင့် မှန်ချိုဆေးတိုက် အမှတ် ၂၆၁ ရွှေဘုံသာလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၄၆၅၁နှင့် ၀၁-၃၇၅၁၀၃ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကြွပ်ကြွပ်အိတ်များ မေ ၁၄ ရက်မှစ၍ မြို့နယ်စည်ပင်ရုံးများ၌ အပ်နှံနိုင်

ရန်ကုန် မေ ၈

ကြွပ်ကြွပ်အိတ်ထုတ်လုပ်ရောင်းချသုံးစွဲမှုများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းပြီး ရေမြောင်းပိတ်ဆို့မှုများရှိသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ်အသီးသီးရှိ ကြွပ်ကြွပ်အိတ်စက်ရုံများ၏ ထုတ်လုပ်မှုများကို ရပ်ဆိုင်းရန်နှင့် အရောင်းဆိုင်များကလည်း မရောင်းရန် မြို့နယ်များသို့ ဧပြီ ၂၁ ရက်တွင် လည်းကောင်း၊ ဈေးများဌာနမှ ဈေးများအားလုံးသို့ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၈ ရက်၊ ဧပြီ ၇ရက်နှင့် ၂၀၁၁ခုနှစ် မေ ၂ ရက်တို့တွင်လည်းကောင်း၊ အခွန်ဌာနမှ ဒဂုံဧရာနှင့် အောင်မင်္ဂလာအဝေးပြေး ခရီးသည်တင် ယာဉ်ရပ်နားစခန်းများ၊ ဘုရင့်နောင်နှင့် စော်ဘွားကြီးကုန်းကုန်တင်ယာဉ် ရပ်နားစခန်းများ၊ ကျိုက္ကဆံနှင့် ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးစခန်းများသို့ ၂၀၁၁ ခုနှစ် ဧပြီ ၂၈ ရက်တွင်လည်းကောင်း တားမြစ်ခဲ့ပြီး ဖြစ်သည်။

အသိပေးနှိုးဆော်ထား

ရန်ကုန်မြို့ကို မြို့အင်္ဂါရပ်နှင့် ညီညွတ်ပြီး သန့်ရှင်းသာယာလှပစေရေးနှင့်ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းနိုင်ရေးတို့အတွက် ကြွပ်ကြွပ်အိတ်များ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်းများကို မေ ၁၄ ရက်မှစ၍ ခွင့်ပြုတော့မည်မဟုတ်သဖြင့် ကြွပ်ကြွပ်အိတ်များကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများသို့ သွားရောက်အပ်နှံကြရန်နှင့် ဆက်လက်မသုံးစွဲကြရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အတ္တရံဥယျာဉ်အတွင်း သာယာလှပစိမ်းလန်းစိုပြည်ရေးအတွက် အဖွဲ့ဝန်ထမ်းများ ဧပြီ ၂၉ရက်က မြေယာရှင်းအလှ ပြုပြင်နေမှုကို အမှုဆောင်အရာရှိနှင့်တာဝန်ခံအင်ဂျင်နီယာတို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းမည်

ရန်ကုန် မေ ၈

ပြည်မြို့ ကျောင်းကြီးရပ် အမကကျောင်း အသစ်ပြန်လည်တည်ဆောက်မည်ဖြစ်၍ အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသားဟောင်းများ ပါဝင်လှူဒါန်းလိုပါက ဦးသိန်းမြင့်(ခ)ဦးစန်းမြင့် အဆွေတော်စတိုး လမ်းမတော်လမ်း ပြည်မြို့ ဖုန်း-၀၅၃-၂၉၂၆၂၊ ဦးစန်းကြူ(ပါမောက္ခ) ဖုန်း-၀၉-၈၆၁၅၂၂၀ နှင့် ဦးမြတ်သူဝင်း(ရွှေမင်းသား)ဖုန်း ၀၉-၅၁၀၃၇၂၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (၁၃၅)

မြို့နယ်သတင်းထောက်များခေါ်ယူခြင်း

မြန်မာ့အလင်းသတင်းစာတိုက်အတွက် သတင်း၊ ဓာတ်ပုံ၊ သတင်းဆောင်းပါးများ ရေးသားရိုက်ကူးပေးပို့နိုင်မည့် မြို့နယ်သတင်းထောက်များကို စိစစ်ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သတင်းထောက်လုပ်ငန်းကိုဝါသနာပါပြီး သတင်းရေးသားခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းများကို သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများကို အခြေခံလျက် လုပ်ကိုင်နိုင်သူများသည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းတို့၏ ထောက်ခံချက်နှင့်အတူ ကိုယ်ရေးအကျဉ်းနှင့် လိုင်စင်ဓာတ်ပုံနှစ်ပုံပူးတွဲလျက် လျှောက်ထားနိုင်ပါသည်။

လျှောက်ထားလိုသူများသည် **မြန်မာ့အလင်းသတင်းစာတိုက် ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်ခရိုင်နှင့်မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်ရုံးခွဲ) အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**သို့ (၉-၆-၂၀၁၁)ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အမက(၈) စတုတ္ထတန်းမှ စိုင်းလုံလျှန်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းလုံ ၁၃/ကတန(နိုင်)၀၈၇၈၀၂ ဖြစ်ပါကြောင်း။ **ဦးစိုင်းလုံ။**

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အလက(၃) ပဥ္စမတန်းမှ နန်းစမ်ငင်း၏ ဖခင်အမည်မှန်မှာ အိုက်ရီအွန် ၁၃/ကတန(နိုင်) ၀၂၁၈၉၇ ဖြစ်ပါကြောင်း။ **အိုက်ရီအွန်။**

အမည်ပြောင်း

ဦးသိန်းထွန်း၏သား ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ ရွှေမင်းဝံအခြေခံပညာမူလတန်းလွန်ကျောင်း (ပဥ္စမတန်း)အောင်မှ မောင်ဆက်ဝေယံဖြိုးအား မောင်ဆန်းလင်းဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဆန်းလင်းဖြိုး။**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီ(၁၈)လမ်း၊ အမှတ် ၅၆၇ဟုခေါ်သော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၆)၊ မြေကွက်အမှတ် (၅၆၇)၊ ဧရိယာ စတုရန်းပေ ၂၄၀၀ရှိ နှစ် ၆၀ ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ရှင် ဒေါ်မေသန်းစိန် ၁၂/မဂတ(နိုင်)၀၁၅၈၀၅၏ အထူးကိုယ်စားလှယ်စာရရှိသူ ဦးကျော်ကျော်မိုး ၁၂/ဗဟန(နိုင်)၀၇၁၀၂၇ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။

ဒေါ်စန္ဒာဝင်း(စဉ်-၆၄၆၁) ဒေါ်ရွှေဇင်မင်း (စဉ်-၂၇၃၃၉)
တရားရုံးချုပ်ရှေ့နေ အထက်တန်းရှေ့နေ
အမှတ် ၃၁/၃၃၊ စတုတ္ထထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၉၈၂၅။

မွေးနေ့ဆုတောင်း

၉-၅-၂၀၁၁ရက်တွင် ကျရောက်သော ...

ချစ်ပရိသတ်များ။

နိဗ္ဗာန်တံခါးပွင့်မလား

PRESIDENT

ကားမျိုးစုံရောင်း၊ဝယ်၊ ငှားရမ်းလုပ်ငန်း

၄၉၊ ၄၅၊ ၃၃၊ ၃၀၊ ၂၅၊ ၂၃၊ ၁၃၊ ၉၊ ၇၊ ၄ ယောက်စီး Tour Grade ကားမျိုးစုံကို ဘုရားဖူး၊ အပန်းဖြေ၊ အလှူ၊ မင်္ဂလာဆောင်၊ ဘွဲ့ယူ၊ ကားဂိတ်၊ လေဆိပ်ခရီးမျိုးစုံအတွက် ဈေးနှုန်းချိုချိုငှားသည်၊ ရောင်းသည်။
ဦးမောင်မောင် ဖုန်း-၀၉-၇၃၁၃၈၈၀၁။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၂၁၆၈၅ Honbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်မြင့်(ခ)သီတာမင်း ၉/အမရ(နိုင်)၀၄၆၁၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေး။**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မမ/၁၂၀၈၃ Honda Wave ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့်လွင် ၆/မအရ(နိုင်)၀၈၅၃၈၇က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ဦးစီးမှူးရုံး)၊ မြိတ်။**

အမည်ပြောင်း

လပွတ္တာမြို့နယ်၊ သက်န်းကုန်းကျေးရွာ အထက ပဥ္စမတန်းမှ ဦးမျိုးဇော်၏သမီး မဝေဖူးအိမ်အား မနန်းထက်စံဟု ပြောင်းလဲခေါ်ပါရန်။ **မနန်းထက်စံ။**

ရောင်းမည်

ကမာရွတ်မြို့နယ်၊ ကွမ်းခြံ၄လမ်း၊ ပေ(၁၂½× ၅၀)၊ ခြောက်လွှာ (ထပ်ခိုးပါ) မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြ(၂-ကွက်တွဲ) ပေ(၈၀×၆၅) ဂရန်၊ တိုက်၊ ရေ၊ မီး၊ ဖုန်း(ဂုတ်ခြံ) ပေ(၈၀×၆၅) ဂရန်၊ အိမ်၊ မီး (ထောင့်ကွက်) **ဖုန်း-၀၉-၅၁၉၂၅၁၃၊ ၀၉-၇၃၀၉၄၁၅၄။**

ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ

မော်လမြိုင်ကျွန်းမြို့၌ ချောင်းကူးတံတားဖွင့်

မော်လမြိုင် မေ ၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဖြန့်ကြီးအုန်းပင်စု ကျေးရွာအုပ်စု တုံးတုကျေးရွာ၌ ငွေကျပ်သိန်း ၄၀တန်ဖိုးရှိ အလျား ၇၅ ပေ အာရ်စီ တုံးတုချောင်းကူးတံတားသစ်ဖွင့်ပွဲကို မေ ၁ ရက် နံနက် ၉ နာရီက တံတားထိပ် ယာယီမဏ္ဍပ်၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းငွေက အမှာစကားပြောကြားသည်။

ထို့နောက် ဒေသလမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု အကျိုးပြု တုံးတုကျေးရွာ တုံးတုချောင်းကူး အာရ်စီတံတားသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်နှင့် တံတားသစ်အလှူရှင် မော်လမြိုင်ကျွန်းမြို့နေ ဦးဘိုးတော-ဒေါ်လှကြွယ်(သူဇာ ဖက်ရှင် အထည်ဆိုင် မိသားစု)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရေနံချောင်းမြို့နယ်၌ ဘောမဲ့ရပ်ကွက်အဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက်က အဆိုပါ လမ်းမုခ်ဦးထိပ်၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဝင်းတင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသင်းဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

ယဉ်ကျေးမှုသင်တန်း အင်းစိန်၌ဖွင့်

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် (၂၇)ကြိမ်မြောက် ယဉ်ကျေးမှုသင်တန်းအောင်မြင်သူများ ဆုချီးမြှင့်ပွဲနှင့် (၂၈)ကြိမ်မြောက် သင်တန်းဖွင့်ပွဲကို ဧပြီ ၃၀ ရက်က အဆိုပါရပ်ကွက် ဝါခင်းတောင်ကျောင်း၌ ကျင်းပရာ ရှေးဦးစွာရပ်ကွက်အုပ်ချုပ်ရေးမှူးဦးငွေလှိုင်က အမှာစကားပြောကြားပြီး သင်တန်းအတွက် တောင်သူကုန်းရပ်ကွက် အုတ်ရေတွင်းလမ်းနေ ဦးအောင်မင်းသွင် - ဒေါ်သီသီအေး၊ သားစိုင်းဝဏ္ဏထွန်းမိသားစုက ငွေကျပ် ၃၅၀၀၀ တန်ဖိုးရှိ ယဉ်ကျေးမှုစာအုပ်များ၊ ဦးပန်းလှအောင်-ဒေါ်ယဉ်မြ၊ သား မောင်ဇော်ညီညီဦး(စင်ကာပူ) မိသားစုက ငွေကျပ် ၁၇၀၀၀၀ ရှိ ယဉ်ကျေးမှု စာအုပ်များကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (၀၁၇)

မြို့နယ်သတင်း ထွေတလာ

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီဂီအေးနှင့်အဖွဲ့ မြို့ရေပေးရေးစက်ရုံဝင်းအား သွပ်ဆူးကြိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မေ ၂ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စဉ့်ကူးမြို့နယ် နွယ်ရုံကျေးရွာ၌ မီးသတ်ကားလှူဒါန်း

စဉ့်ကူး မေ ၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ရောက်ပင်ရိုးကျေးရွာအုပ်စု နွယ်ရုံကျေးရွာအလှူရှင် ဦးတင့်ကို-ဒေါ်ခင်ကြူမြတ် မိသားစုက နွယ်ရုံကျေးရွာ ဒေသအရန်မီးသတ်တပ်ဖွဲ့သို့ ငွေကျပ် ၂၇၂ သိန်းတန်ဖိုးရှိ မီးသတ်ကားပေးအပ်လှူဒါန်းပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီက အလှူရှင် မိသားစုနေအိမ်၌ ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူ၊မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခွာကုန်းနှင့် အလှူရှင် ဦးတင့်ကို-ဒေါ်ခင်ကြူမြတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက အမှာစကားပြောကြားပြီး အလှူရှင်ကလှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ မီးသတ်ကားကို လွှဲပြောင်းပေးအပ်သည်။**(အပေါ်ပုံ)**ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသအရန်မီးသတ်တပ်ခွဲမှူးထံသို့ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခွေးရူးရောဂါအကြောင်း အသိပညာပေး ဟောပြော

မိုးညှင်း မေ ၇

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးပြီး ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့အထိမ်းအမှတ် ဟောပြောပွဲကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီခွဲက မိုးညှင်းမြို့နယ် စည်ပင်သာယာရေး ဈေးရုံးခန်းမ၌ ကျင်းပသည်။

သိကောင်းစရာ

အခမ်းအနားတွင် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ခင်မောင်မြင့်က ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့အထိမ်းအမှတ်ဟောပြောပွဲအကြောင်း ရှင်းလင်းပြောကြားပြီးနောက် မိုးညှင်းခရိုင်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာဖြူလေးဝေက လူများတွင်ဖြစ်တတ်သော ခွေးရူးရောဂါအကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ပညာပေးဟောပြော

ထို့နောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဝင်းဦးက တိရစ္ဆာန်များမှတစ်ဆင့် လူသို့ကူးစက်တတ်သော ရောဂါများနှင့် ခွေးရူးရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

သီပေါ-ပန်လုံ-နမ့်ဆန်လမ်း၊ မန်တုံ-နမ့်ဆန်လမ်းနှင့် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-တာရွှေထန်လမ်းများဆောင်ရွက်ပြီးစီး

နေပြည်တော် မေ ၈

သီပေါ-ပန်လုံ-နမ့်ဆန်လမ်း(၄၈/၄)မိုင်၊ မန်တုံ-နမ့်ဆန်လမ်း(၃၇/၀)မိုင်နှင့် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-၁၈မိုင်လမ်းဆုံ(တာရွှေထန်) လမ်း (၇၈/၀)မိုင်တို့ကို လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား မေ ၇ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၌ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးစိုင်းကျော်မိုးက ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲများနှင့် အထူးအဖွဲ့များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မြို့နယ်အင်ဂျင်နီယာရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)ရုံးနှင့် ဝန်ထမ်းအိမ်ရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၁ ခုနှစ် မေလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေလ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် သုံးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❖

လူလိုက်ပါခြင်းမရှိသည့် ရဟတ်ယာဉ် တရုတ်၌ ပထမဆုံးအကြိမ်အောင်မြင်စွာ စမ်းသပ်ပျံသန်း

ကျိုးနန် မေ ၈

တရုတ်နိုင်ငံက လူလိုက်ပါခြင်းမရှိသည့် ရဟတ်ယာဉ်တစ်စင်းကို ရှန်တုန်ပြည်နယ် ဝေဖန်စီးတီးမြို့ ဝေဟောင်တွင် မေ ၇ ရက်၌ ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းခဲ့သည်။

အလယ်အလတ် အရွယ်အစားရှိပြီး လူလိုက်ပါခြင်း မရှိသည့် ၎င်းရဟတ်ယာဉ်သည် အလေးချိန် ၇၅၇ ကီလိုဂရမ်ရှိပြီး ဝေဖန်တီအင်ကျင်း လေယာဉ်တည်ဆောက်ရေး လုပ်ငန်း၏ စမ်းသပ်ပျံသန်းရေးဌာနမှ မေ ၇ ရက် နံနက်ပိုင်းတွင် ၁၀ မိနစ်ကြာ မောင်းနှင်ပျံသန်းပြီးနောက် မြေပြင်သို့ ချောမောစွာဆင်းသက်နိုင်ခဲ့သည်။

၎င်းရဟတ်ယာဉ်သည် V ၇၅၀ မော်ဒယ်အမျိုးအစားဖြစ်ပြီး ကုန်အလေးချိန် ၈၀ ကီလိုဂရမ်ကို သယ်ဆောင်ပျံသန်းနိုင်သည်။ ထို့အပြင် တစ်နာရီလျှင် ၁၆၁ ကီလိုမီတာနှုန်းဖြင့် လေးနာရီကြာ မရပ်မနား ပျံသန်းနိုင်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ●